# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ အင်္ဂါနေ့ အတွဲ (၆၃)၊ အမှတ်(၀၉၄)


**လောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ ပြိုင်ပွဲ ပြသ

**ရန်ကုန် ဇန်နဝါရီ ၁**

၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက် သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝဥယျာဉ် မာလာမြိုင်ကျွန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၄* ❍

# ရန်ကုန်ဆိပ်ကမ်းသို့ တစ်နှစ်တာအတွင်း သင်္ဘောစင်းရေ ၆၀၀ ကျော် ဝင်ရောက်

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ သင်္ဘောစင်းရေ ၆၀၀ ကျော် ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပို့ကုန်များ၊ သွင်းကုန်များ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကုန်သေတ္တာသင်္ဘောလိုင်း အသီးသီးမှ ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပေးနေကြောင်း သိရသည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ကုန်သေတ္တာတင်သင်္ဘောဆိုက်ကပ်ကုန်သွယ်မှုအနေဖြင့် ဇန်နဝါရီလတွင် ၅၂စင်း၊ ဖေဖော်ဝါရီလတွင် ၅၁ စင်း၊ မတ်လတွင် ၅၅ စင်း၊ ဧပြီလတွင် အစင်း ၅၀၊ မေလတွင် ၅၆ စင်း၊ ဇွန်လတွင် ၅၇ စင်း၊ ဇူလိုင်လတွင် ၅၃ စင်း၊ ဩဂုတ်လတွင် ၅၄ စင်း၊ စက်တင်ဘာလတွင် ၅၃ စင်း၊ အောက်တိုဘာလတွင် ၄၉ စင်း၊ နိုဝင်ဘာလတွင် အစင်း ၅၀နှင့် ဒီဇင်ဘာလတွင် ၄၉ စင်း စုစုပေါင်း ၆၂၉ စင်း ဆိုက်ကပ်ကုန်သွယ်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အချက်အလက်များအရ သိရသည်။

နိုင်ငံတကာသင်္ဘောလိုင်းများဖြစ်သည့် Sealand Maersk Asia သင်္ဘောလိုင်း၊ SITC သင်္ဘောလိုင်း၊ MSC သင်္ဘောလိုင်း၊ Samudera သင်္ဘောလိုင်း၊ Ever Green သင်္ဘောလိုင်း၊ P.I.L သင်္ဘောလိုင်း၊ BLPL သင်္ဘောလိုင်း၊ RCL သင်္ဘောလိုင်း၊ Land and Sea သင်္ဘောလိုင်း၊ CMA – CGM သင်္ဘောလိုင်း၊ COSCO သင်္ဘောလိုင်း၊ I.A.L သင်္ဘောလိုင်း၊ ONE သင်္ဘောလိုင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ် စ ရာ




**လွတ်လပ်ရေးနှင့် နိုင်ငံချစ်စိတ်**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

စာ ၁၀

**ဗီယက်နမ်နိုင်ငံသို့ ၂၀၂၃ ခုနှစ်တွင် နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၁၂ ဒသမ ၆ သန်းစံချိန်တင်ရှိ**

နိုင်ငံတကာသတင်း စာ ၁၃





**နှစ်သစ်မှာ ရောင်းပန်းဝယ်ပန်းတွေ ပွင့်လန်းနိုင်ကြပါစေ ...**

ဆောင်းပါး စာ ၁၆

# နိုင်ငံအတွက် အလိုအပ်ဆုံးသောအရာ

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာနှင့်ရင်ပေါင် တန်းရာတွင် တိုင်းပြည်ကို အန္တရာယ်ရန်စွယ်အပေါင်းမှ ကာကွယ် ရန်အပြင် အများနှင့်တန်းတူ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်း စဉ်ဆက်မပြတ် တည်ဆောက်နေရခြင်းဖြစ်သည်။ တိုင်းပြည် ကာကွယ်ရေးနှင့် တည်ဆောက်ရေးအတွက် အဓိကကျသော ပြည်တွင်းအင်အားသည် နိုင်ငံလွတ်လပ်ရေးရပြီးနောက် ၇၆ နှစ် ကြာလာပြီဖြစ်သည့်တိုင် အပြည့်အဝစုစည်းညီညွတ်မှု မရသေး။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ တစ်လှမ်း ပြီးတစ်လှမ်း ရှေ့သို့လှမ်းချီ ဖြတ်ကျော်သွားကြချိန်တွင် မိမိတို့ နိုင်ငံမှာမူ ရှိသင့်ရှိထိုက်သည့် အနေအထားသို့ ရောက်မလာဘဲ နောက်တွင် ကျန်နေရစ်ခဲ့ရသည်။

မြန်မာနိုင်ငံ၏ ထူးခြားသည့်အချက်မှာ ယနေ့ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှု အလျင်မြန်ဆုံး နိုင်ငံကြီး နှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနှင့် တရုတ်တို့ကို လက်ဝဲလက်ယာတွင် ထားကာ နယ်နိမိတ်ထိစပ်တည်ရှိနေခြင်းဖြစ်သည်။ အိန္ဒိယ၏ အရှေ့မြောက်ဒေသနှင့် တရုတ်၏ အနောက်တောင်ဒေသတို့ သည် ကျယ်ဝန်းလှစွာသော ၎င်းနိုင်ငံတို့၏ ကုန်းတွင်းပိတ်ဒေသ များဖြစ်နေပြီး မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက် ခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်ဖွံ့ဖြိုးတိုးတက်မည့် အခွင့်အလမ်းများ ရှိနေခြင်းပင်ဖြစ်သည်။ နိုင်ငံ၏ တည်နေရာ အားသာချက်ကို အသုံးချပြီး တောင်အာရှနှင့် အရှေ့တောင်အာရှ ကုန်းမကြီးနိုင်ငံ များအကြား ပေါင်းကူးအချက်အချာအဖြစ် ဆောင်ရွက်နိုင်သကဲ့သို့ နိုင်ငံ၏ ရေ၊ မြေ၊ သဘာဝသယံဇာတများကို ထိရောက်စွာ အသုံး ချ၍ ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာ အောင်လည်း အခွင့်အလမ်းများ အဆင်သင့်ရှိနေသည်။

သို့ရာတွင် ပြည်တွင်းအင်အားကို အပြည့်အဝ မတည်ဆောက် နိုင်ခြင်း၊ လက်နက်ကိုင်ဆန့်ကျင်မှုများနှင့် အကြမ်းဖက် တိုက်ခိုက် ဖျက်ဆီးမှုများ ရှိနေခြင်း၊ ရေ မြေ သယံဇာတနှင့် လူ့စွမ်းအား အရင်းအမြစ်တို့ကို အထိရောက်ဆုံး အကျိုးရှိစွာအသုံးချနိုင်မှု အားနည်းခြင်းတို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့ နှေးကွေးနေ ရသည်။ စည်းလုံးညီညွတ်မှုမရှိလျှင် တည်ငြိမ်အေးချမ်းမှု မရှိနိုင်။ တည်ငြိမ်အေးချမ်းမှုမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်၍မရ။ ဖွံ့ဖြိုးတိုးတက်မှုမရှိသည့်အခါ ဆင်းရဲနွမ်းပါးမှု ပို၍နက်ရှိုင်းလာ သည်။ ဆင်းရဲသည့်နိုင်ငံတွင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား စသည်ဖြင့် အရာရာတွင်ချွတ်ခြုံကျသည်။ အောက်တန်း နောက်တန်းသို့ ရောက်သည်။ ဝါးအစည်းပြေ သကဲ့သို့သာ စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့လျှင် နိုင်ငံသည် ကျရှုံး သည့်နိုင်ငံ၊ ပြိုလဲသည့်နိုင်ငံ ဘဝသို့ ရောက်ချေမည်ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံကဲ့သို့ပင် ဒုတိယ ကမ္ဘာစစ်အပြီး နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ရသည့် နိုင်ငံအများစုပါဝင်သည်။ ပြည်တွင်းစစ်၊ ပြည်ပကျူးကျော်စစ် ဒဏ်ခံခဲ့ရသည့် နိုင်ငံများ၊ လက်နက်ကိုင်ဆန့်ကျင်မှုရှိနေဆဲ နိုင်ငံများလည်း ရှိနေသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတိုင်းက မိမိတို့၏ ကြည်း၊ ရေ၊ လေပိုင်နက် နယ်နိမိတ်များကို အချိန်တိုင်း ကာကွယ်နေကြရပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဆက်မပြတ် တည်ဆောက်ရင်း ရှေ့သို့လှမ်းချီနေကြခြင်းပင် ဖြစ်သည်။ ၂၀၂၄ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော် အကြီးအကဲနှင့် ဆရာတော် သံဃာတော် ထေရ်ကြီးဝါကြီးများ၊ နိုင်ငံတော်အတွင်း ပြည်သူအများ ကိုးကွယ်ရာ ဘာသာ သာသနာ များမှ ပုဂ္ဂိုလ်များ၊ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်မှ ထင်ရှား ကျော်ကြားသူများ၊ ပညာရှင်ကြီးများ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက် စကား၊ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာနှင့် ဩဝါဒကထာများ၊ နှစ်သစ်မင်္ဂလာဆုတောင်းစကားများက နိုင်ငံနှင့်ပြည်သူအားလုံး အတွက်၊ လူတစ်ဦးချင်းစီအတွက် အရေးအကြီးဆုံးသောအရာကို နှိုးဆော်တိုက်တွန်းအသိပေးနေသည်။

ယင်းမှာ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ စိတ်နှလုံးငြိမ်းချမ်းခြင်းမှ သည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ နိုင်ငံတစ်ဝန်းလုံး၊ လူ့ဘောင် လောကတစ်ခုလုံး၊ ကမ္ဘာတစ်ဝန်းလုံး ငြိမ်းချမ်းခြင်းဆီသို့ဖြစ် သည်။ မိမိတို့ နိုင်ငံအတွက် အလိုအပ်ဆုံးအရာ၊ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ အလိုချင်ဆုံးအရာဖြစ်သည့် ငြိမ်းချမ်း ရေးကို ရယူကာ စည်းလုံးညီညွတ်သော ပြည်တွင်းအင်အားဖြင့် ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံတော်ကို တည်ဆောက်နိုင် ပါစေကြောင်း။ ။

## (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေး နိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲ ပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## မွေးမြပွင့်လန်း လွတ်လပ်ရေးပန်း

☆ တပေါင်းနွေဦး၊ လေရူးအထ
ကြွေကျရွက်ဝါ၊ သည်ချိန်ခါတွင်
ညီညာစစ်ခင်း၊ လွတ်လပ်ခြင်းတွက်
ရင်းနှီးပေးဆပ်၊ သွေးသက်ထပ်ကာ
မားမတ်ဝံ့ရဲ
ဆင်နွှဲပါခဲ့၊ ညီညွတ်ခဲ့၍
နယ်ချဲ့ဗြိတိသျှ၊ လက်လျှော့ရကာ
လုံးဝလွတ်ရေး၊ နှင်းအပ်ပေးသည်
ချမ်းအေးသည်လ ဟေမန္တ...။
စစ်မှန်ဒိဋ္ဌ ပြန်လည်ရ...။

☆ တစ်ကိုးလေးရှစ်၊ ဖွင့်လှစ်ဟေမန်
ဇန်နဝါရီ
နှင်းရည်မြေသက်၊ ဆန်းလေးရက်တည့်
နံနက်စောစော ဥဩဆွဲသံ
ယူနီယံဂျက်၊ မြေအသက်၌
မြင့်တက်လွင့်ပျံ၊ တို့အလံလျှင်
မိုးယံ ဝင့်ဝင့်ကြွားကြွားတည်း...။

☆ အသက်သွေးချွေး၊ စတေးပေးဆပ်
မြတ်နှလုံးသား
ဆွေသားနောင်ညီ၊ လက်တွဲညီလျက်
ပြည်ခွင်လွတ်လပ်၊ ထွတ်အမြတ်လျှင်
မပြတ်ခိုင်မာ၊ အချုပ်ခြာကို
သူငါမြတ်နိုး၊ လှုံ့လပျိုးကာ
ဘိုးဘွားမှသည်၊ ယနေ့ဆီထိ
တည်နေခဲ့သော်၊ စိန်ရတုကျော်ပြီ
မြတ်မော်ကွန်းဆင့် တဝင့်ဝင့်...။
မြန်မာ့အောင်လံ တလွင့်လွင့်...။

☆ ယနေ့ချိန်ခါ၊ တို့ပြည်ရွာကို
အာသာငမ်းငမ်း၊ သွေးတိုးစမ်းကာ
ခွဲခြမ်းစိုးအုပ်၊ ထင်တိုင်းလုပ်ဖို့
ယုတ်မာဆိုးညစ်
လက်သစ်နယ်ချဲ့၊ ကြိုးပမ်းခဲ့လည်း
တို့ရဲ့သတ္တိ၊ တို့ဇာတိနှင့်
ရှိသည့်အားမာန်၊ ငုံ့မခံပြီ
မျိုးမာန်မချ၊ ထာဝရလျှင်
မြန်မာ့လွတ်လပ်ရေး တည်မည်တည်း...။ ။

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်

**ဘိုမျိုး(ရွှေဘို)**

## (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

စဉ့်ကိုင် ဇန်နဝါရီ ၁

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု ကင်းလပ်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ဆောင်ရွက်သော ကွန်ကရစ် လမ်းသစ်ကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီခွဲက ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးလွင်က အမှာစကားပြောကြား ပြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကင်းလပ်ကျေးရွာ ကွန်ကရစ် ခင်းခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်ဖြိုးအောင်နှင့် ကင်းလပ်ကျေးရွာ VDP စီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးသန့်စင်ထွန်းတို့က ကွန်ကရစ် လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ကွန်ကရစ်လမ်းကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ကင်းလပ်ကျေးရွာ ကွန်ကရစ်လမ်းသည် အရှည်ပေ ၁၂၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေ ၁၂ ဒသမ ၈၃ သန်း စုစုပေါင်းငွေကျပ် ၂၇ ဒသမ ၈၃ သန်းဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးခဲ့သည်။ ကျေးရွာပြည်သူ များအနေဖြင့် ဒေသထုတ်ကုန်များ သယ်ယူပို့ဆောင်ရာတွင် လွယ်ကူ စေခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ပညာရေး၊ ကျန်းမာ ရေး၊ လူမှုရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ် ကြောင်း ကျေးရွာနေပြည်သူ ဦးတင်ဆောင် ပြောပြချက်အရသိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား

## မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသည့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ဖြစ်ပေါ်လာစေရန် အထောက်အကူဖြစ်စေမည်



**နေပြည်တော် ဇန်နဝါရီ ၁**

မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၃)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

အစည်းအဝေးသို့ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက "မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ"၏ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပရန် လျာထားခဲ့သည့်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဒုတိယအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း။

### ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization -WTO) နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization-WIPO) တို့၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လာပြီး နောက်ပိုင်းတွင် နိုင်ငံတကာအဆင့်မီသည့် မူပိုင်ခွင့်စနစ်သစ်တစ်ရပ် တည်ထောင်ရန် လိုအပ်လာပါကြောင်း၊ ၎င်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် မူပိုင်ခွင့်ဥပဒေ (၄) ရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ကြောင်း။

ပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဥပဒေ (၄) ရပ်အနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကို ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် အာဏာတည်ခဲ့ပြီး အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းများကို တရားဝင် လက်ခံဆောင်ရွက်ခြင်းကို ၂၀၂၃ ခုနှစ် ဧပြီ ၂၆ ရက်နေ့မှစ၍ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့ကိုလည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် အာဏာတည်နိုင်ခဲ့ပြီး မူပိုင်ခွင့် လျှောက်ထားချက်များ လက်ခံနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မူပိုင်ခွင့် သမိုင်းတွင် ၂၀၂၃ ခုနှစ်သည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဆင့်မီသည့် မူပိုင်ခွင့်စနစ်သစ်တစ်ရပ် စတင်ဖော်ဆောင်နိုင်သော နှစ်တစ်နှစ် ဖြစ်ကြောင်း။

ယခုကဲ့သို့ မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသည့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ဖြစ်ပေါ်လာစေရန် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ကောင်းတစ်ခုဖြစ်သည်ဆိုသည်ကို ယုံကြည်လက်ခံပြီး မူပိုင်ခွင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

### အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်

မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တာဝန်ရှိသည့် ဝန်ကြီးဌာနများအပြင် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီနှင့် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီများတွင် တာဝန်ပေးအပ်မည့် အစိုးရဌာနများ၊ ပညာရှင်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်စနစ်တည်ထောင်ရာတွင် အများပြည်သူ လိုက်နာကျင့်သုံးနိုင်ရန်၊ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် အာဆီယံနိုင်ငံများတွင် အကောင်အထည်ဖော်နေသည့် အာဆီယံ IPR Action Plan များကိုလည်း မြန်မာနိုင်ငံအနေဖြင့် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ပြီး ဒေသဆိုင်ရာမူပိုင်ခွင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဦးဆောင်နိုင်ငံတစ်ခုအဖြစ် ရပ်တည်လာနိုင်စေရန် အထူးကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းကျင့်သုံး ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူဖြစ်စေခြင်း၊ လုပ်ငန်းရှင်များအတွက် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ခိုင်မာလာစေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများကို လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာကို ရရှိနိုင်မည်ဖြစ်ကြောင်း။

ယခုဖွဲ့စည်းထားသည့် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီတွင် ပါဝင်သော တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေသည့် မူပိုင်ခွင့်အကာအကွယ်ပေးခြင်း စနစ်တစ်ရပ်ကျင့်သုံးရာတွင် မိမိတို့ ပါဝင်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍများမှ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ(၁/၂၀၂၃)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အမှာစာများကို ဖတ်ကြားတင်ပြ

ဆက်လက်၍ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးမိုးသွယ်က မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေး (၂/၂၀၂၃) သို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒေါက်တာဝါဝါမောင်၊ ဒေါက်တာအောင်ကြီး၊ ဦးရင်မောင်ညွှန့်၊ ဒေါက်တာ ဇော်မြင့်၊ ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မူပိုင်ခွင့်ဆိုင်ရာများဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### ဆုံးဖြတ်ချက်(မူကြမ်း)ကို အတည်ပြု

ယင်းနောက် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (၂/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက် (မူကြမ်း)ကို အတည်ပြုသည်။

ဆက်လက်၍ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

Ti2 Container သင်္ဘောလိုင်းနှင့် BAY သင်္ဘောလိုင်းတို့ ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွက် ကုန်သေတ္တာ သင်္ဘောအစင်းရေ ၄၉ စင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်းလည်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များကို အသိပေးထားသည်။

ကုန်သွယ်မှုများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှ အလျားမီတာ ၂၀၀၊ တန်ချိန် ၃၀၀၀ ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်တင်သင်္ဘောဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၂၇ စင်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှလည်း အလျားမီတာ ၂၅၀၊ တန်ချိန် ၃၅၀၀ ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်တင်သင်္ဘောဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၁၉ စင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်းလည်း သိရသည်။ **MT**

---

## ဇန်နဝါရီ ၁ ရက်မှစတင်ကာ မော်လမြိုင် - ရန်ကုန် ရထားလက်မှတ်ဈေးများကို ပြင်ဆင်သတ်မှတ်

**ရန်ကုန် ဇန်နဝါရီ ၁**

ဇန်နဝါရီ ၁ ရက်မှစတင်ကာ မော်လမြိုင်-ရန်ကုန်ရထားလက်မှတ်ခနှုန်းထားများကို ပြောင်းလဲပြင်ဆင်သတ်မှတ်ကြောင်း မော်လမြိုင်ဘူတာကြီးက ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ဒီဇယ်ဆီဈေးတိုးမြင့်လာမှုကြောင့် လက်ရှိဆီဈေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် မီးရထားလက်မှတ်ခနှုန်းထားများကို တိုးမြှင့်ရန် လိုအပ်လာသဖြင့် နှုန်းထားအသစ်ဖြင့် ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ မီးရထားလက်မှတ်ခနှုန်းထားများ နှုန်းထားအသစ်ဖြင့် ပြောင်းလဲပြင်ဆင်သတ်မှတ်ရာတွင် လေအိတ်ရထား အထက်တန်း မော်လမြိုင်- ရန်ကုန် ငွေကျပ် ၁၁၀၀၀၊ မော်လမြိုင်-ပဲခူး ငွေကျပ် ၈၀၀၀၊ မော်လမြိုင်-ဝေါ ငွေကျပ် ၇၀၀၀ စသည်ဖြင့် တိုးမြှင့်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် လေအိတ်ရထား ရိုးရိုးတန်းများမှာ မော်လမြိုင်- ရန်ကုန် ငွေကျပ် ၆၀၀၀၊ မော်လမြိုင်- ပဲခူး ငွေကျပ် ၄၀၀၀၊ မော်လမြိုင်-ဝေါ ငွေကျပ် ၄၀၀၀၊ မော်လမြိုင်-သိမ်ဇရပ် ငွေကျပ် ၃၀၀၀ စသည်ဖြင့် သတ်မှတ်ထားခြင်း ဖြစ်သည်။

ရိုးရိုးရထား(AAR) ရိုးရိုးတန်းမော်လမြိုင်-ရန်ကုန် ငွေကျပ် ၅၀၀၀၊ မော်လမြိုင်-ပဲခူး ငွေကျပ် ၄၀၀၀၊ မော်လမြိုင်-ဝေါ ငွေကျပ် ၄၀၀၀၊ မော်လမြိုင်-သိမ်ဇရပ် ငွေကျပ် ၃၀၀၀၊ မော်လမြိုင်-မုပ္ပလင် ငွေကျပ် ၃၀၀၀ စသည်ဖြင့် သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

လေအိတ်ရထားသည် ယခုလပိုင်းအတွင်း စုံရက်များတွင် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရိုးရိုးရထား AAR သည် မ ရက်များအတွင်း တစ်လှည့်စီပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သစ်တော်**

# (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့၌ တန် ၉၀ ကျ အဆင့်မြင့်ဆန်စက်နှင့် တန် ၁၂၀ ကျ စပါးအခြောက်ခံစက်များ ဖွင့်ပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ တန် ၉၀ ကျ အဆင့်မြင့် ဆန်စက်နှင့် တန် ၁၂၀ ကျ စပါးအခြောက်ခံစက်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစက်ရုံများ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးဆွေ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်း ချုပ်ဥက္ကဋ္ဌ၊ ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌတို့က တန် ၉၀ ကျ အဆင့်မြင့်ဆန်စက်နှင့် တန် ၁၂၀ ကျ စပါး အခြောက်ခံစက်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က တန် ၉၀ ကျ အဆင့်မြင့်ဆန်စက်နှင့် တန် ၁၂၀ ကျ စပါးအခြောက်ခံစက် ဆိုင်းဘုတ်များကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေး၍ အဆင့်မြင့်ဆန်စက်နှင့် စပါးအခြောက်ခံစက်များ အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**သမဝါယမ၏ အနှစ်သာရကို ဖော်ဆောင်နေ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းဆောင်ရွက်နေသော သမဝါယမအသင်းများကို မတည်ထောက်ပံ့ပေးထားသည်ကို တွေ့ရှိရကြောင်း၊ ယင်းသို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းသည် သမဝါယမ၏ အနှစ်သာရကို ဖော်ဆောင်နေခြင်းဖြစ်သောကြောင့် မိမိတို့ သမဝါယမအသင်းများအနေဖြင့် သမဝါယမလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသာမက ဒေသတွင်း လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် အထောက်အကူပြုနိုင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းဆောင်ရွက်နေသော သမဝါယမအသင်းသားများသို့ ငွေကျပ် ၁၅၄ ဒသမ ၆ သန်း မတည်ထုတ်ချေးပေးထားမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌတို့က တန် ၉၀ကျ အဆင့်မြင့်ဆန်စက်နှင့် တန် ၁၂၀ကျ စပါးအခြောက်ခံစက်တည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းအသင်းလီမိတက်၏ တန် ၉၀ ကျ အဆင့်မြင့်ဆန်စက်နှင့် တန် ၁၂၀ ကျ စပါးအခြောက်ခံစက် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် မွန်ပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ လယ်ယာမြေများမှ ထွက်ရှိလာသော စပါးများ အရည်အသွေးကောင်းမွန်သောဆန်များ ကြိတ်ခွဲထုတ်လုပ်လာနိုင်မည်ဖြစ်ပြီး ဈေးကွက်ရရှိရေး၊ အခြေခံတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြင့်မားရေး၊ ပြည်သူများအတွက် ဝင်ငွေတိုးပွားလာစေရေး၊ ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးတို့ကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



○ *ရှေ့ဖုံးမှ*

ဦးစွာ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ခင်းကျင်းပြသထားသော ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန်နှင့် ပြခန်းများ လှည့်လည်ကြည့်ရှုအားပေးသည်။**(ဝဲပုံ)**

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ပြိုင်ပွဲတွင် သစ်သီးဝလံပြိုင်ပွဲ(တစ်လုံးချင်း၊ ဥစား၊ အခိုင်လိုက်၊ အသီးပါအပင်)၊ ဟင်းသီးဟင်းရွက်ပြိုင်ပွဲ (အရွက်၊ အထုပ်၊ အလုံးလိုက်၊ အသီးပါအပင်)၊ မြေယာရှုခင်းပြိုင်ပွဲ၊ ပြည်ပသစ်ခွပြိုင်ပွဲ (ကတ်တလီယာ၊ ဗန်ဒါ၊ ဒန်ဒရိုဗီယမ်)၊ သစ်ခွအခြားအုပ်စုပြိုင်ပွဲ၊ ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲ(Indoor)၊ အရွက်အလှပင်ပြိုင်ပွဲ (Outdoor)၊ ရာသီပန်းပြိုင်ပွဲ၊ သက်ကြီးပင်ပုပြိုင်ပွဲ(Bonsai) (၆လက်မနှင့် ၁၀ လက်မကြား)၊ သက်ကြီးပင်ပု ပြိုင်ပွဲ (Bonsai) (၁၀ လက်မအထက်)၊ ပန်းအလှပြင်ဆင်ခြင်းပြိုင်ပွဲ၊ သစ်သီးအလှပြင်ဆင်ခြင်းပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၏ဇနီးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

အဆိုပါ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားပေါင်း ၂၄ မျိုး၊ ပြခန်းပေါင်း ၃၃ ခန်း ပါဝင်ပြီး နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဇန်နဝါရီ ၇ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်ပြီးစီး

**ရန်ကုန် ဇန်နဝါရီ ၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းကို ရန်ကုန်တိုင်းဒေသကြီး နယ်မြေအတွင်း ဒီဇင်ဘာ ၄ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့(ဇန်နဝါရီ ၁) ရက်တွင် ထန်းတပင်မြို့နယ် ရပ်၊ကျေး ၂၉ ခုမှ ပြည်သူ ၄၆၂ ဦး၊ သဃ်န်းကျွန်းမြို့နယ် ရပ်ကွက် ၁၈ ခုမှ ပြည်သူ ၄၅၆ ဦး၊ လှိုင်မြို့နယ် ရပ်ကွက် ရှစ်ခုမှ ပြည်သူ ၄၃၅ ဦး၊ ဗဟန်းမြို့နယ် ရပ်ကွက် ၁၁ ခုမှ ပြည်သူ ၄၆၆ ဦး စုစုပေါင်းပြည်သူ ၁၈၁၉ ဦး တက်ရောက်၍လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ကြသည်။



သို့ဖြစ်၍ ဒီဇင်ဘာ ၄ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မြို့နယ် ၄၅ ခုအနက် ကိုကိုးကျွန်းမြို့နယ်မှအပ ကျန် ၄၄ မြို့နယ်တို့တွင် မဲဆန္ဒရှင်ပြည်သူများ၏ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာမှုများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**မိမိတို့ ယနေ့ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်နေခြင်းသည် မိမိတို့၏ သားစဉ်မြေးဆက် လူငယ်များအတွက် တည်ငြိမ်သည့်အနာဂတ်နှင့် ဖွံ့ဖြိုး တိုးတက်ပြီး ကမ္ဘာ့အဆင့်မီ နိုင်ငံတစ်ခုဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးနိုင် ရန် အမျိုးသားရေးတာဝန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်သည်။ ကိုယ်ကျိုးစီးပွားအတွက်၊ တစ်ဦးတစ်ယောက် နာမည်ကောင်းရရန် အတွက် ဖော်ဆောင်နေခြင်း မဟုတ်ပေ။**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ (၃-၃-၂၀၂၁) ရက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၁) တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်]



ပြည်ထောင်စုတိုင်းရင်းသားများ ဓာတ်ပုံ - ကျော်ဆွေမိုး

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့အနေဖြင့် တရားမဝင်ကုန်သွယ်ရေးလုပ်ငန်းများ မရှိစေရေးအတွက် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်ရေးလုပ်ငန်းများ မရှိစေရေးနှင့် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၁/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့အနေဖြင့် တရားမဝင်ကုန်သွယ်ရေးလုပ်ငန်းများ မရှိစေရေးအတွက် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်စေလိုကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ လယ်ယာထုတ်ကုန်ပစ္စည်းများနှင့် စက်သုံးဆီများ တရားမဝင်ရောင်းချမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို စဉ်ဆက်မပြတ် စစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး အလေးထား ကြပ်မတ်ဆောင်ရွက်စေလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ရဲမှူးကြီးကိုကိုလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်ရေး လုပ်ငန်းများ မရှိစေရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ဘိုးဘွားရိပ်သာ၌ ကျင်းပသည့် နေပြည်တော် လူမှုဝန်ထမ်းရုံးနှင့်အလှူရှင်များ စုပေါင်း၍ (၃၁) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအသင်းမှ တာဝန်ရှိသူများ၊ နေပြည်တော် အမျိုးသမီးများနှင့် ကလေးသူငယ်ဘဝမြှင့်တင်ရေးအသင်းမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဘုရားအမှူးပြုသော ဆရာတော် သံဃာတော် ၁၀၈ ပါးနှင့် သီလရှင် ၄၅ ပါးတို့ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

**လက်ဝယ်အရောက်ထောက်ပံ့**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပျဉ်းမနားမြို့နယ် ဘိုးဘွားရိပ်သာအတွက် အလှူငွေများပေးအပ်လှူဒါန်းပြီး ဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၃၇ ဦးကို ထောက်ပံ့ငွေများနှင့် ဆေးဝါးပစ္စည်းများကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇၄)သင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၇၄) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပညာရေးဝန်ကြီးဌာနမှ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းနေသည့် အခြေခံပညာ ဆရာ ဆရာမများ၏ အရည်အသွေး မြင့်မားစေရေး၊ ကဏ္ဍအလိုက်၊ ရာထူး အဆင့်အလိုက် ပညာရည် မြင့်မားရေး လုပ်ငန်းများကို တည်ငြိမ်မှန်ကန်စွာဖြင့် စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်တတ်စေရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော အနာဂတ်မျိုးဆက်သစ် ခေါင်းဆောင်လူငယ်များ မွေးထုတ်နိုင်ရေး အထောက်အကူဖြစ်စေရန် အတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပေးနေခြင်းဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိခင်ဝန်ကြီးဌာနနှင့် မိမိတို့ကျောင်း၏ဂုဏ်ကို မြှင့်တင်နိုင်ရေး ကြိုးစားကြရန်နှင့် ပါတီနိုင်ငံရေး ကင်းရှင်းပြီး စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်နှင့် ယုံကြည်ချက် ပိုမိုခိုင်မာလာသည့် ဆရာ ဆရာမများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။



အဆိုပါသင်တန်းသို့ သင်တန်းသား ၁၀၂ ဦး၊ သင်တန်းသူ ၄၂၁ ဦး စုစုပေါင်း ၅၂၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ပြင်ဦးလွင်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် မိုးကုတ်မြို့ တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**





# နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဥပ္ပါတသန္တိ ရွတ်ဖတ်ပူဇော်ပွဲ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အရှေ့ဘက်အာရုံခံတန်ဆောင်း၌ ယနေ့ အလှည့်ကျဝတ်ရွတ်အသင်းဖြစ်သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝတ်ရွတ်အသင်းက ဥပ္ပါတသန္တိပါဠိတော်ကျမ်းမြတ် ရွတ်ဖတ်ပူဇော်နေမှုကို ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်အဖွဲ့ လာရောက်ကြည်ညိုကြသည်။

**စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ဥပ္ပါတသန္တိပါဠိတော်ကျမ်းမြတ်ကို နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အရှေ့ဘက်အာရုံခံတန်ဆောင်း၌ ဇန်နဝါရီ ၁ ရက်မှစ၍ ပြည်ထောင်စုဝန်ကြီး ဌာနများမှ ဌာနဆိုင်ရာ ဝတ်ရွတ်အသင်းများ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ်တို့မှ ဝတ်ရွတ်အသင်းများက နေ့စဉ်အလှည့်ကျ ရွတ်ဖတ်ပူဇော်သွားမည် ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော် ဇေယျာသီရိမြို့နယ် မဟာဗောဓိမြိုင်ကျောင်းတိုက်၌ ကျင်းပသည့် ဥပ္ပါတသန္တိပါဠိရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် မဟာဗောဓိမြိုင်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တကေလာသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက မဟာဗောဓိမြိုင်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တကေလာသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် နေပြည်တော် ဇေယျာသီရိမြို့နယ် မဟာဗောဓိမြိုင်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တကေလာသထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ မဟာဗောဓိမြိုင်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော မဟာဗောဓိမြိုင်အောင်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၍ အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

နေပြည်တော်ဇေယျာသီရိမြို့နယ်မဟာဗောဓိမြိုင် ကျောင်းတိုက်တွင် ကျင်းပသည့် ဥပ္ပါတသန္တိပါဠိရွတ်ဖတ်ပူဇော်ပွဲကိုသံဃာတော်အရှင်သူမြတ် ၁၂ ပါးတို့က ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တက္ကသိုလ်၊ စက်မှုလက်မှုသိပ္ပံနှင့် သူနာပြုသားဖွားသင်တန်းကျောင်းရှိ အဆောင်နေ ကျောင်းသား ကျောင်းသူများအား အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိ

**ပဲခူး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက တက္ကသိုလ်၊ စက်မှုလက်မှုသိပ္ပံနှင့် သူနာပြုသားဖွားသင်တန်းကျောင်းရှိ အဆောင်နေ ကျောင်းသား ကျောင်းသူများအား အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးတက္ကသိုလ်သို့သွားရောက်ပြီး တက္ကသိုလ်ဝင်းအတွင်းရှိအဆောင်နေ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများက တိုက်ရိုက်ဈေးရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တက္ကသိုလ်/ကျောင်းများတွင် အပတ်စဉ်ရောင်းချပေးနိုင်ရေး၊ အသား၊ ငါး၊ ဥများ သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ အခြေခံစားသုံးကုန်များဖြစ်သည့် ဆန်၊ ဆီ၊ သား၊ ငါးနှင့် သီးခြားစားသုံးကုန်ပစ္စည်းများ အမယ်စုံ လာရောက်ရောင်းချပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည်



စက်မှုလက်မှုသိပ္ပံ(ပဲခူး)နှင့် သူနာပြုသားဖွားသင်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများနှင့် ဆရာ ဆရာမများအား တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများက တိုက်ရိုက်ဈေးရောင်းချပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းသူများအတွက် တစ်လစာ ဆန်နှင့်ဆီ ထောက်ပံ့ပေးအပ်ပြီး **(အပေါ်ပုံ)** သီးခြားလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပြည်သူများအတွက် အခြေခံစားသုံးကုန်များဖြစ်သည့် ဆန်၊ ဆီ၊ သား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို ၂၀၂၃ ခုနှစ် ဇွန်လမှစ၍ မြို့နယ်၂၈ မြို့နယ်ရှိ မြို့မဈေးကြီးများတွင် ဒေသအလိုက် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ နေ့စဉ်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ယခုအခါ တိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာဦးစီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ သင်တန်းကျောင်းများတွင် ဇန်နဝါရီ ၁ရက်မှစတင်၍ အခြေခံစားသုံးကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် အပတ်စဉ် တိုက်ရိုက်လာရောက်ရောင်းချပေးသွားမည်ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရှေးဟောင်းသမိုင်းဝင် စိန်သာလျောင်းဘုရားကြီး အဝင်လမ်း အဆင့်မြှင့်တင်နေမှုနှင့် ပဲခူး-သနပ်ပင် လမ်းမပေါ်ရှိ အင်းဝတံခါးပေါက်အနီး ဟံသာဝတီ ရှေးဟောင်းကျုံးနှင့် ဟံသာဝတီမြို့ရိုး ပြန်လည်တူးဖော်ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းဧရိယာအတွင်း ကျူးကျော်နေထိုင်မှုများမရှိစေရေး၊ ကျုံးထောင့်စေတီများ ပြန်လည်ဖော်ထုတ်နိုင်ရေး၊ ရှေးမူလက်ရာမပျက်ပြင်ဆင်သွားရန်နှင့် ခရီးသွားပြည်သူများ ဖတ်ရှုလေ့လာနိုင်ရေး သမိုင်းမှတ်တမ်းများ QR Code စနစ်ဖြင့် ထားရှိသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီမှ တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များအတွက် တတိယအကြိမ် စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

**ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီမှ တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များအတွက် တတိယအကြိမ် စာအုပ်စာစောင်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မှာတာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌက ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

**စာအုပ်စာစောင်များလှူဒါန်း**

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီး အတွင်းရှိ ရပ်ကွက်/ ကျေးရွာ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လှူဒါန်းရာ အရှေ့ပိုင်းခရိုင်မြို့နယ်များရှိ စာကြည့်တိုက်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် စာကြည့်တိုက်၊ အနောက်ပိုင်းခရိုင် မြို့နယ်များရှိ စာကြည့်တိုက်များ၊ တောင်ပိုင်းခရိုင် မြို့နယ်များရှိ စာကြည့်တိုက်များ၊ မြောက်ပိုင်းခရိုင်မြို့နယ်များရှိ စာကြည့်တိုက်များ၊ ရန်ကုန်တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန စာကြည့်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ စာကြည့်တိုက်တို့ကို စာအုပ်စာစောင်များ လှူဒါန်းသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က နိုင်ငံတော်မူ မဟာဂီတ ကျမ်းစာအုပ်များကို အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်များရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့တို့အတွက် ပေးအပ်လှူဒါန်းခဲ့သည်။

**ခင်းကျင်းထားမှုကြည့်ရှု**

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွက် Dr. Abdul Kalam Foundation International Award 2023 ဆုရ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များအတွက် စာအုပ်အလှူရှင်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြရာ စာကြည့်တိုက်မှူးများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စာကြည့်တိုက်များသို့ လှူဒါန်းမည့် စာအုပ်စာစောင်များ ခင်းကျင်းထားမှုကို လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း ရပ်ကွက်/ ကျေးရွာများမှ စာကြည့်တိုက် ၁၂၈ တိုက်တို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ၁၄ ဖွဲ့တို့ကို လည်းကောင်း စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်ရွာ-ကော့သပုတ်-ကော့ဒါန်းမယ် - ကော့ထမ္မလိန်း ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းသစ်နှင့် ကွန်ကရစ်တံတားဖွင့်၊ ဇွဲကပင် တောင်တက် / တောင်ဆင်းပြိုင်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၁**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ဘားအံမြို့နယ်အတွင်း ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၄၈၈ ဒသမ ၈၆ သန်းဖြင့် ငွေစင်ဆန်းသစ်ကုမ္ပဏီနှင့် မဟာထူးမြတ်ကုမ္ပဏီတို့ တင်ဒါအောင်မြင်ဆောင်ရွက်သော လှိုင်ရွာ-ကော့သပုတ်-ကော့ဒါန်းမယ်-ကော့ထမ္မလိန်း ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းသစ်နှင့် ကွန်ကရစ်တံတားဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၃ နာရီခွဲက တော်ပုံကျေးရွာအုပ်စု လှိုင်ကျေးရွာရှိ အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။




**ပူးပေါင်းဆောင်ရွက်**

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုကဲ့သို့ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်/မြို့ပြအချိုးညီစွာ ဖွံ့ဖြိုးတိုးတက်လာပြီး ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များအားအသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ကာ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာဌာနအသီးသီးနှင့်ပေါင်းစပ်တင်ပြဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသများ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစောကျော်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လမ်းဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်ဝန်ကြီးများက ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်နှင့် ကွန်ကရစ်တံတားတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းအရှည် တစ်မိုင်နှင့် ကွန်ကရစ်တံတားပေ ၂၀ တစ်စင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

**တောင်တက်/တောင်ဆင်းပြိုင်ပွဲ**

ကရင်ပြည်နယ်၏ အထင်ကရဖြစ်သော ဇွဲကပင်တောင်၏ပြုပြင်ဖန်တီးထားခြင်းမရှိသော သဘာဝအလှအပများကို သိရှိခံစားနိုင်စေရန်၊ ခြေလျင်တောင်တက်အားကစားကို လူအများစိတ်ပါဝင်စားလာစေရန်နှင့် အဆိုပါအားကစားနည်းကို လေ့လာလိုက်စား ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်သူ၊ ပြည်နယ်သားများ ပိုမိုကျန်းမာကြံ့ခိုင်လာစေရန် ရည်ရွယ်၍ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဇွဲကပင်တောင်တက်တောင်ဆင်းပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီက ဇွဲကပင်တောင်အရှေ့ခြမ်း သစ်ချကျေးရွာ တံတားဖြူမှ စတင်တာလွှတ်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို အသက်(၄၀)နှစ်အထက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှင့် အသက်(၄၀)နှစ်အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဟူ၍ ပြိုင်ပွဲ အမျိုးအစားလေးမျိုးခွဲ၍ယှဉ်ပြိုင်စေခဲ့ပြီး ပြိုင်ပွဲဝင် စုစုပေါင်း ၁၆၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက ဇွဲကပင်တောင်အရှေ့ခြမ်း သစ်ချကျေးရွာ တံတားဖြူထိပ်၌ သေနတ်ပစ်ဖောက်တာလွှတ်ပေးခဲ့ရာ ပြိုင်ပွဲဝင်များက အမြင့်ပေ ၂၇၂၇ ပေရှိသော တောင်ကိုကျော်၍ ဇွဲကပင်အနောက်ခြမ်း တော်ပုံကျေးရွာ ဗန္ဓဝဂီရိ လုမ္ဗိနီ ဥယျာဉ်မုခ်ဦးရှေ့၌ ပန်းဝင်ခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

ယနေ့ကျင်းပသည့် ဇွဲကပင်တောင်တက်/တောင်ဆင်းပြိုင်ပွဲ၌ အသက်(၄၀)နှစ်အထက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုမှ နှစ်သိမ့်ဆုအထိ ဆုပေါင်း ၃၅ ဆုစီ၊ အသက်(၄၀) နှစ်အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုမှ နှစ်သိမ့်ဆုအထိ ဆုပေါင်း ၇၅ ဆုစီကို ချီးမြှင့်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက အသက်(၄၀)နှစ်အောက်အမျိုးသမီးပြိုင်ပွဲနှင့် အသက် (၄၀) နှစ်အထက် အမျိုးသမီးပြိုင်ပွဲတွင် ပဉ္စမဆုမှ ပထမဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က အသက်(၄၀) နှစ်အောက်အမျိုးသားပြိုင်ပွဲနှင့် အသက်(၄၀) နှစ်အထက်အမျိုးသားပြိုင်ပွဲတွင် ပဉ္စမဆုမှ ပထမဆုရရှိသူများနှင့် ပြိုင်ပွဲတွင် အသက်အကြီးဆုံး ပါဝင်ယှဉ်ပြိုင်သူ နှစ်ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြ သည်။

ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဘားအံမြို့နယ်အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်သိပ္ပံရှိ ဆရာ ဆရာမ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ယနေ့ နံနက်ပိုင်းတွင် အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥနှင့် ဟင်းသီးဟင်းရွက် အမျိုးမျိုးတို့ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ် (ဘားအံ)၊ ဘားအံတက္ကသိုလ်၊ ဘားအံပညာရေးဒီဂရီကောလိပ်နှင့် စိုက်ပျိုးရေးသိပ္ပံ(ဘားအံ) တို့တွင် ဝယ်ယူရောင်းချနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး စိုက်ပျိုးရေးသိပ္ပံ(ဘားအံ) တွင် ဟင်းသီးဟင်းရွက်စားဖိုဆောင်သီးနှံများကို ၁၀ မျိုး၊ ၁၀ ပေါင် စိုက်ပျိုးထားရှိမှု၊ ပဲတောင့်ရှည်၊ ငရုတ်၊ ခရမ်းသီးသန့်စိုက်ခင်းနှင့် ရော်ဘာပျိုးပင်စိုက်ခင်းတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အကြိုလှုပ်ရှားမှုအဖြစ်ကျင်းပမည့် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ စုစုပေါင်း ၁၅ ရက်ကြာ ကောက်ယူမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်း၏ အကြိုလှုပ်ရှားမှုအဖြစ် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ပြိုင်ပွဲဝင်များ၏ ဆောင်းပါးများတွင် အောက်ဖော်ပြပါ အဓိကအချက်များ ထည့်သွင်းရေးသားသင့်ပါသည် –

(က) သန်းခေါင်စာရင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူတိုင်း ပါဝင်ခွင့်ရသည့် တစ်ခုတည်းသော လုပ်ငန်းစဉ်ဖြစ်ကြောင်း ပြည်သူလူထု ဗဟုသုတအဖြစ် သိရှိရန်

(ခ) ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အထိမ်းအမှတ် " ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပြည်သူများအနေဖြင့် စာရင်းကောက်များ၏ မေးမြန်းချက်များအပေါ် မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပြည်သူများ ပူးပေါင်းကူညီ ပါဝင်ဆောင်ရွက်နိုင်ရန်

(ဂ) လူဦးရေသန်းခေါင်စာရင်းသည် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ် အကောင်အထည်ဖော်ရာတွင် အခြေခံအသုံးပြုရသည့် စာရင်းအင်း အချက်အလက်များအနက် အဓိကကျသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ ရရှိရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်သူလူထုသိရှိနားလည်ရန်

(ဃ) ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ ပြည်သူလူထု ကျယ်ပြန့်စွာ သိရှိလျက် ယင်းလုပ်ငန်း အောင်မြင်စွာပြီးမြောက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန်

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) **အလွတ်တန်းအဆင့်ပြိုင်ပွဲ**

- အသက် ၃၀ နှစ်နှင့်အထက် ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်၊
- ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ဖြစ်ရမည်၊
- ကွန်ပျူတာစာလုံး (Pyidaungsu) စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မ ပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာ စာစီ၍ ရေးသားပေးပို့ရမည်၊
- အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရမည်၊
- အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများမဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

(ခ) **ဝါသနာရှင်အဆင့်ပြိုင်ပွဲ**

- အသက် ၁၄ နှစ်မှ ၂၉ နှစ်အတွင်း ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်၊
- ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 စာမျက်နှာ အနည်းဆုံး ၅ မျက်နှာမှ အများဆုံး ၁၀ မျက်နှာအထိ ဖြစ်ရမည်၊
- ကွန်ပျူတာစာလုံး (Pyidaungsu) စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မ ပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်၊
- အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရမည်၊
- အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများ မဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

၃။ ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် စာမူ (Hard + Soft Copy) (Word + Pdf) တစ်စုံစီ၊ ပြိုင်ပွဲဝင် အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံ ၂ ပုံ (Passport Size)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ်အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ စာတည်းမှူးချုပ်၊ စာပေဗိမာန်ရုံး၊ ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၁-၃၈၇၇၂၄၊ ၀၁-၃၈၀၄၄၉ သို့ လည်းကောင်း၊ အီးမေးလ်လိပ်စာ sarpaybeikman.sarpaybeikman@gmail.com သို့ လည်းကောင်း ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ်ကို စာပေဗိမာန် Website (www.sarpaybeikman-pol.gov.mm) နှင့် Facebook Page များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော ဆောင်းပါးများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရစာမူများကို တရားဝင် အသုံးပြုခွင့်ပေးရန်နှင့် ဆုရွေးချယ်ခြင်းမခံရသော ဆောင်းပါးများကို ပြန်လည်ပေးပို့မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။)

၄။ ဆုရရှိသူများစာရင်းကို အစိုးရသတင်းစာများတွင် လည်းကောင်း၊ စာပေဗိမာန်၏ Website နှင့် Facebook Page များတွင်လည်းကောင်း ကြေညာသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ မတ်လ နောက်ဆုံးပတ်တွင် ကျင်းပသွားမည် ဖြစ်ပါသည်။

**စာပေဗိမာန်**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

# "ဆောင်းအမှတ်တရ စုပေါင်းပန်းချီအနုပညာပြပွဲ" ဖွင့်၊ ပန်းချီ ဆရာ ဆရာမ ၁၆၀ ကျော် ပါဝင်ပြသ

**မန္တလေး ဇန်နဝါရီ ၁**

ပန်းချီဆရာ ဆရာမ ၁၆၀ ကျော် ပါဝင်ပြသသည့် ၂၀၂၄ နှစ်သစ်အကြို ဆောင်းအမှတ်တရ စုပေါင်းပန်းချီအနုပညာပြပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ပန်းချီပြခန်း (Mandalay Hill Art Gallery) တွင် ကျင်းပသည်။

အဆိုပါ ဆောင်းအမှတ်တရ စုပေါင်း ပန်းချီအနုပညာပြပွဲဖွင့်ပွဲ အခမ်းအနားတွင် ဆရာကြီး ဦးခင်မောင်သန်း၊ ဆရာကြီး ဦးဇော်ဝင်း (သစ်ထွင်း)၊ ဆရာကြီး ဦးနေဆန်းတို့က ပြပွဲနှင့် ပတ်သက်၍ မုဒိတာစကားများ ပြောကြားသည်။**(အောက်ပုံ)** ပြပွဲဖွင့်ပွဲသို့ ပန်းချီဆရာများ၊ စာရေးဆရာများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။ ပြပွဲတွင် ပန်းချီ ဆရာ ဆရာမ ၁၆၀ ကျော်၏ ပန်းချီကား ၃၀၀ ကျော်နှင့် ပုလင်းပန်းချီများ ပြသထားရာ စိတ်ဝင်စားဖွယ်ကောင်းသလို ပန်းချီဆရာအများဆုံး၊ ပန်းချီကား အများဆုံး ပြသသည့် ပြပွဲဖြစ်ပြီး ဂုဏ်ယူမှတ်တမ်းတင်ရမည့် ပြပွဲကြီး ဖြစ်သည်။

ပန်းချီအနုပညာ လက်ရာကလည်း စုံလင်ပြီး ပါဝင်ပြသသူ ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။



ပြပွဲတွင် ပန်းချီကား၊ အရွယ်စုံ၊ အမျိုးစားစုံလင်စွာ ပြသထားသည်ကို တွေ့မြင်ရသည်။ ပြပွဲကို ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို လာရောက်လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်းနှင့် ပြပွဲဖွင့်ပွဲသို့ လာရောက်သူများကိုလည်း မြန်မာ့ရိုးရာမုန့်မျိုးစုံဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**



# ပေါင်းတည်မြို့နယ်၌ ဈေးများ မီးဘေးလုံခြုံရေးအသိပညာပေး

**ပေါင်းတည် ဇန်နဝါရီ ၁**

ပေါင်းတည်မြို့နယ်၌ မီးသတ်ဦးစီးဌာနနှင့်စည်ပင်သာရေးအဖွဲ့တို့ပူးပေါင်း၍ ဈေးများမီးလောင်မှုနှင့် ဆုံးရှုံးမှုတန်ဖိုး လျော့နည်းစေရေးတို့အတွက်ရည်ရွယ်၍ မီးဘေးလုံခြုံရေး ကြိုတင်ဆောင်ရွက်မှုအသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများကို ဇန်နဝါရီ ၁ ရက် မွန်းလွဲပိုင်းက စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၌ ဆောင်ရွက်ကြသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူဝင်းက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းနှင့် မီးလောင်စဉ် အရေးပေါ်ဆောင်ရွက်ရမည့်အချက်များကို ဈေးသူ ဈေးသားများအား အသိပညာပေးဟောပြောပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ငါးစီးဖြင့် မီးငြိမ်းသတ်မှု၊ မီးသတ်ဆေးဘူး၊ ရေစိုအဝတ်များဖြင့် မီးငြိမ်းသတ်မှုများကို သရုပ်ပြသကြသည်။ **(အပေါ်ပုံ)** ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးကျော်စွာလင်းက ဈေးအတွင်း မီးသတ်ရေကန်များ၊ မီးသတ်ကိရိယာများ အသင့်ထားရှိမှုအခြေအနေကို ရှင်းလင်းပြသရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဆောင်ရွက်မှုတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က မီးဘေးအန္တရာယ်ကို အထူးကြပ်မတ်ကာကွယ်ဆောင်ရွက်ရေး၊ ဈေးအတွင်းလူသွားလမ်းများ ကျဉ်းမြောင်းမှုမရှိစေရန်နှင့် ဝင်လမ်း၊ ထွက်လမ်း ကောင်းမွန်စေရေးတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

**သူရကြီး ( ပြန်/ဆက်)**

# ပန်းခင်းစီမံချက်အဆင့်(၂) အောင်မြင်ပြီးမြောက်ခြင်းအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေးချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်မြို့နယ် ဦးစီးမှူးရုံး၏ ပန်းခင်းစီမံချက်အဆင့်(၂)အောင်မြင်ပြီးမြောက်ကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် သန်လျင်ခရိုင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ သန်လျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်းက ပန်းခင်းစီမံချက်အဆင့် (၂) ဖြင့် သန်လျင်မြို့နယ်အတွင်း ဆောင်ရွက်ရန် ၆၇၂၁ ဦး လျာထားခဲ့ပြီး သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့် ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်အဆင့် (၂)လျာထားချက် ရာနှုန်းပြည့်ပြီးစီးသည့် မြို့နယ် ၁၃ မြို့နယ်ရှိပြီး သန်လျင်မြို့နယ်သည် ၁၀ မြို့နယ်မြောက် လျာထားချက် ရာနှုန်းပြည့်ပြီးစီးသည့်မြို့နယ်ဖြစ်ကြောင်း၊ ပန်းခင်းစီမံချက်အဆင့် (၃) ကိုလည်း ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ကိုးလတာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပန်းခင်းစီမံချက်များ အောင်မြင်စေရေး ဝိုင်းဝန်းကူညီသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမောင်မောင်သန်းက နိုင်ငံသားစိစစ်ရေးကတ်များကို တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများအား ပေးအပ်သည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီးနောက် Biometric Data ကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရဲတင့် ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပဲခူး ဇန်နဝါရီ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်နှင့် ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတို့သို့ ရောက်ရှိပြီး စာကြည့်တိုက်ရှိ စာငှား၊ စာဖတ်၊ ရုံးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**



ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကဝ၊ ဒိုက်ဦး၊ ဝေါ၊ သနပ်ပင်မြို့နယ် ဦးစီးမှူးများ၊ ပဲခူးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ပဲခူး သတင်းဌာနခွဲတို့မှ တာဝန်ခံများ၊ ဝန်ထမ်းများအား တွေ့ဆုံ၍ အသိပညာပေး လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရေး၊ ကြီးကြပ်ကွပ်ကဲမှုနည်းနည်းဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရေး၊ ဝန်ထမ်းကောင်းပီသစွာဖြင့် သစ္စာရှိရှိ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ကြိုးစားဆောင်ရွက်ရေး တို့ကိုမှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးသို့ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မကွေး ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပ ဆောင်ရွက်သည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။



အဆိုပါသင်တန်းတွင် မွေးစမှ သေဆုံးသည်အထိ ဘဝတစ်သက်တာ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန် လိုသည့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပို့ချခဲ့ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၇၀ တက်ရောက်ကာ သင်တန်းကာလ သုံးရက်တာ ပို့ချခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အဖွဲ့သည် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ နန္ဒဝင်းနှင့် အဖွဲ့နှင့်အတူ မကွေးမြို့နယ်အတွင်းရှိ သစ်ရာကောက်၊ ကျူတ်ကုန်း၊ ကူးသန်း၊ မြို့သစ်မြို့နယ်အတွင်းရှိ စည်သာ၊ မင်းဘူးမြို့နယ်အတွင်းရှိ ဆင်ခေါင်းကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများနှင့် မကွေးမြို့နယ် မိခင်ကလေးကျန်းမာရေးဌာနသို့ ကွင်းဆင်း၍ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျန်းမာရေးဌာန၊ ဌာနခွဲများ တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**အုတ်တွင်း ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ အခြေခံစားသောက်ကုန်များကို ပြင်ပထက်သက်သာသော ဈေးနှုန်းဖြင့် ညောင်ခြေထောက် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၌ ဇန်နဝါရီ ၁ ရက်က သွားရောက်ရောင်းချပေးကြောင်း သိရသည်။

အခြေခံစားသောက်ကုန်များ ရောင်းချရာတွင် ညောင်ခြေထောက် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပြင်ပထက် သက်သာသော နှုန်းထားများဖြစ်သည့် ဆန်တစ်ပြည်လျှင် ကျပ် ၂၇၀၀၊ စားဆီ တစ်ပိဿာလျှင် ကျပ် ၅၃၀၀၊ ကြက်ဥတစ်လုံး ကျပ် ၁၈၀၊ ငါးကြင်း၊ ငါးမြင်း တစ်ပိဿာငွေကျပ် ၅၀၀၀ နှုန်းတို့ဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။

**အေမင်းရည်စော (ပြန်/ဆက်)**

# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)တွင် အခြေခံဂဟေဆက်နည်းပညာသင်တန်းနှင့် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**ကျောက်ဆည် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံဂဟေဆက်နည်းပညာသင်တန်းနှင့် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကျောင်းဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက မိသားစုဝင်ငွေတိုးပွားရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ကြိုးစားသင်ယူကြရန်နှင့် လက်တွေ့တွင် ကောင်းစွာအသုံးချသွားကြရန် ပြောကြားပြီး အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်) မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇာနည်ထွန်းက ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသားများ ပြန်လည်အသုံးချမှုစစ်တမ်းများ ကောက်ယူ၍ ဒေသလိုအပ်ချက်များနှင့် ကိုက်ညီသောသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းတစ်ဦးချင်း ဝင်ငွေ မြင့်မားရေးအထောက်အကူဖြစ်စေရေး ကြိုးစားသင်ယူကြရန် အမှာစကား ပြောကြားကာ အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျောက်ဆည်) သင်ကြားသင်ယူမှုမှတ်တမ်းဗီဒီယိုကို ပြသခဲ့သည်။

ဆက်လက်ပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းက အသေးစား စက်မှုလက်မှုလုပ်ငန်းများကို မှတ်ပုံတင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပြီး အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အဓိကထားဆောင်ရွက်ပေးလျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အဆိုပါ အခြေခံဂဟေဆက်နည်းပညာသင်တန်းကို သင်တန်းသား ၂၀ နှင့် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို သင်တန်းသား ၂၀ ဖြင့် ဇန်နဝါရီ ၁ ရက်မှ ၂၃ ရက်အထိ စာတွေ့လက်တွေ့(အခမဲ့)သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးနှင့် နိုင်ငံချစ်စိတ်

**ကောင်းစံရှီ**

**မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စု ၁၃၀ ကျော်တို့ အေးအတူပူအမျှ နေထိုင်လျက်ရှိကြသည်။ ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို စစ်ပွဲသုံးကြိမ်ဖြင့် တိုက်ခိုက်သိမ်းပိုက်ခဲ့ရာတွင် လက်ရှိပြည်ထောင်စုနိုင်ငံတော်၏ နယ်မြေအဝန်းအဝိုင်းအားလုံးကို တစ်လက်မမျှမချန် ရယူသိမ်းပိုက် အုပ်ချုပ်သွားခဲ့ခြင်းဖြစ်သည်။ ဆိုရလျှင် ဗြိတိသျှနယ်ချဲ့သမားများသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးများ အားလုံးအပေါ် ကျွန်ပြုအုပ်ချုပ်သွားခဲ့ခြင်း ဖြစ်သည်။**



မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၉ ခုနှစ်က ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့ အခမ်းအနားမြင်ကွင်း မှတ်တမ်းဓာတ်ပုံ။

**❑ သမိုင်းသင်ခန်းစာရယူသည်ဆိုရာ၌ အကြောင်းရင်းကို မှန်မှန်ကန်ကန် သုံးသပ်ရန်လိုအပ်သည်။ တိုင်းရင်းသားပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းအတွက် ကျေနပ်ခြင်းမရှိခဲ့ကြ။ ကျေနပ်ခြင်းမရှိ၍ ဒေါသတွေပွားကြရာမှ နောက်ဆုံး လက်နက်ကိုင်ပဋိပက္ခသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။ တစ်ဆက်တည်းမှာ လက်နက်ကိုင်ပဋိပက္ခကြောင့်ပင် မငြိမ်းချမ်း၍ တိုးတက် ဖွံ့ဖြိုးမှုကို ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဟူသော အချက်ကိုလည်း မေ့မထားကြရန်လိုအပ်သည်**

နယ်ချဲ့သမားများ၏ သိမ်းပိုက်ခြင်းကို ခံခဲ့ရသည့် ဌာနေတိုင်းရင်းသားများသည် သူ့ကျွန်မခံလိုသည့်စိတ်ဖြင့် တွန်းလှန်တိုက်ခိုက်မှုများ ရှိခဲ့သည်။ ထိုတိုက်ပွဲများကား တိုင်းရင်းသားပြည်သူများ၏ သူ့ကျွန်မခံလိုသော မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်ဖြင့် တွန်းလှန်ခဲ့ကြခြင်းဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးအတွက် အရေးဆို တိုက်ပွဲဝင်လာကြသည့် ကာလတစ်လျှောက်လုံး မြန်မာပြည်သူများ၏စိတ်တွင် တူညီသောမျိုးချစ်စိတ်ဓာတ်ကို တွေ့မြင်ခဲ့ကြရသည်။ တိုင်းရင်းသားပြည်သူများအားလုံး မြန်မာနိုင်ငံသူ၊ နိုင်ငံသားများဖြစ်သည်ဟူသော အတွေးအမြင် ခံယူချက်များဖြင့် တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ရှိခဲ့ကြကာ စုစည်းညီညွတ်စွာဖြင့် တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်။

## စည်းလုံးညီညွတ်မှု ပျက်ပြယ်မသွား

ကိုလိုနီနယ်ချဲ့လက်အောက်တွင် အမျိုး၊ ဘာသာ၊ သာသနာ မေးမှိန်အောင် အမျိုးသားရေးစိတ်ဓာတ်ကို ဖျက်ဆီးခဲ့ကြသည်။ အမျိုးသားရေးစိတ်ဓာတ်ကို ချိုးနှိမ်ပြီး သွေးခွဲအုပ်ချုပ်သည့်စနစ်ဖြင့် တောင်တန်းနှင့်ပြည်မ ဟူ၍ ခွဲခြားဆက်ဆံခြင်းဖြင့် မြန်မာနိုင်ငံသားများ၏ မျိုးချစ်စိတ်ကိုလည်း ဖျက်ဆီးခဲ့သည်။ မျိုးချစ်စိတ်ကို အခြေခံသော နိုင်ငံချစ်စိတ်ကိုလည်း ပပျောက်သွားအောင် လုပ်ဆောင်ခဲ့သည်။ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းခဲ့ရသည်။ သို့ရာတွင် မြန်မာပြည်သူတို့၏ စည်းလုံးညီညွတ်မှုကား ပျက်ပြယ်မသွားခဲ့။ တစ်နိုင်ငံလုံးကိုယ့်ပြည်ဖြစ်သည်၊ ကိုယ့်မြေဖြစ်သည်၊ ဤမြေဤရေတွင် နေထိုင်သူများအားလုံး သွေးချင်းသားချင်းများပင်ဖြစ်သည်ဟူသည့် ခံယူချက်များ ခိုင်မာခဲ့သည်။

လွတ်လပ်ရေး တောင်းဆိုတိုက်ပွဲဝင်သည့်ကာလတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရယူတည်ဆောက်နိုင်ခဲ့သည်။ တောင်ပေါ်၊ မြေပြန့် မကျန် တစ်နိုင်ငံလုံးနေပြည်သူများ၏ မျိုးချစ်စိတ်ဓာတ်အင်အားဖြင့် မြန်မာ့လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြရာတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူ၍ ခွဲခြားခဲ့ခြင်းမရှိကြ။ မိမိတို့သည် မြန်မာနိုင်ငံသားများဖြစ်သည်ဟူသည့် နိုင်ငံချစ်စိတ်ဖြင့် စုစည်းညီညွတ်စွာ ပါဝင်တိုက်ပွဲဝင်ခဲ့ကြခြင်းဖြင့် (၇၆) နှစ်ပြည့်ခဲ့ပြီဖြစ်သော မြန်မာ့လွတ်လပ်ရေးကာလကိုရောက်ခဲ့ပြီ။ ဤလွတ်လပ်ရေးကို လွယ်လွယ်နှင့် ရယူခဲ့ခြင်းကားမဟုတ်။ နိုင်ငံကိုချစ်သော၊ တိုင်းပြည်နှင့်လူမျိုးကိုချစ်သော မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်သူများ၏ နိုင်ငံချစ်စိတ်ဖြင့် အသက်၊ သွေး၊ ချွေး မြောက်မြားစွာကို စတေးပြီးမှ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

## သင်ခန်းစာရယူ

ယခုအခါ လွတ်လပ်ရေးရခဲ့သည်မှာ နှစ်ပေါင်း (၇၆)နှစ် ရောက်လာခဲ့ပြီ။ ပါလီမန်ဒီမိုကရေစီခေတ်၊ တော်လှန်ရေးကောင်စီ တပ်မတော်အစိုးရခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရခေတ် စသည်များကို ဖြတ်သန်းခဲ့ဖူးပြီ။ ၂၀၁၀ ပြည့်နှစ်မှစ၍ ဒီမိုကရေစီအစိုးရနှစ်ဆက် ခေတ်ကာလတွင် တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းခဲ့ရာ မတူညီသော အစိုးရနှစ်ဆက်၏ မူဝါဒများကြောင့် စိန်ခေါ်မှုမြောက်မြားစွာကို ရင်ဆိုင်ခဲ့ကြရသည်။ ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အာဏာကို ထိန်းခဲ့ရပြီးနောက်တွင်လည်း စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ လုပ်ဆောင်ချက်များက တိုင်းပြည်ပြိုကွဲရေးသို့ ရှေးရှုဦးတည်နေသည်ကို တွေ့မြင်နေကြရသည်။

တိုင်းရင်းသားညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ပြီး လွတ်လပ်ရေးကို အရယူနိုင်ခဲ့သော်လည်း လွတ်လပ်ရေးရယူနိုင်ခဲ့ပြီးနောက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းကျဆင်းသွားခဲ့ရသည်။ ကျဉ်းမြောင်းသော အမျိုးသားရေးအမြင်ရှိသော တိုင်းရင်းသားခေါင်းဆောင်အချို့၏ အမြော်အမြင်နည်းပါးမှုကြောင့် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားလာခဲ့ရသည်။ ဤသို့ ဖြစ်သွားရခြင်းမှာ အဘယ်ကြောင့်နည်း။ သမိုင်းသင်ခန်းစာများကို ရယူရန် လိုအပ်သည်။ သမိုင်းသင်ခန်းစာ ရယူသည်ဆိုရာ၌ အကြောင်းရင်းကို မှန်မှန်ကန်ကန်သုံးသပ်ရန် လိုအပ်သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းအတွက် ကျေနပ်ခြင်းမရှိခဲ့ကြ။ ကျေနပ်ခြင်းမရှိ၍ ဒေါသတွေပွားကြရာမှ နောက်ဆုံး လက်နက်ကိုင်ပဋိပက္ခသို့ ရောက်ခဲ့ရခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာ လက်နက်ကိုင်ပဋိပက္ခကြောင့်ပင် မငြိမ်းချမ်း၍ တိုးတက်ဖွံ့ဖြိုးမှုကို ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဟူသော အချက်ကိုလည်း မေ့မထားကြရန် လိုအပ်သည်။ ထို့ကြောင့် သမိုင်းသင်ခန်းစာရယူရာ၌ ခေါင်းဆောင်များသည် ဆန္ဒစွဲကင်းရန်နှင့် နိုင်ငံတိုးတက်လိုစိတ်ရှိရန် လိုအပ်ပေလိမ့်မည်။

## လွတ်လပ်ရေး ရယူခဲ့ကြသည့်နိုင်ငံများ

မြန်မာနိုင်ငံ လွတ်လပ်ရေးကို ရယူခဲ့သည်မှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် (၇၆) နှစ်ရှိခဲ့ပြီ။ မြန်မာနိုင်ငံနှင့်အတူ ကျူးကျော်နယ်ချဲ့ခဲ့သူများလက်အောက်မှ လွတ်မြောက်ခဲ့ကြသော နိုင်ငံများကို တစေ့တစောင်း လေ့လာကြည့်ဖြစ်သည်။ အင်္ဂလိပ်နယ်ချဲ့ ကျူးကျော်သူများလက်အောက် ကျရောက်ခဲ့သော အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံထက် လေးလခန့်သာစော၍ ၁၉၄၇ ခုနှစ် ဩဂုတ်လတွင် လွတ်လပ်ရေးရခဲ့သော နိုင်ငံဖြစ်သည်။ ထို့အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသော လာအို၊ ကမ္ဘောဒီးယား(ကမ်ပူးချား)၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားစသည့် နိုင်ငံများသည်လည်း နယ်ချဲ့တို့၏ သိမ်းပိုက်ခြင်းကိုခံခဲ့ရပြီး ပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးကိုရယူခဲ့ကြသည့် နိုင်ငံများဖြစ်ကြသည်။

မြန်မာနိုင်ငံနည်းတူ သူ့ကျွန်ဘဝရောက်ခဲ့ပြီးမှ လွတ်လပ်ရေးရရှိလာခဲ့ကြသော နိုင်ငံအသီးသီးကား တည်ငြိမ်အေးချမ်းမှုများရရှိကာ ဖွံ့ဖြိုးတိုးတက်နေကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံကား တည်ငြိမ်အေးချမ်းမှုလည်းမရှိ၊ ဖွံ့ဖြိုးတိုးတက်မှုလည်း မလုံလောက်သေးဘဲ ဖြစ်နေရသည်။ လွတ်လပ်ရေးရပြီးကတည်းက တောက်လောင်နေခဲ့သော စစ်မီးကား ငြိမ်းအေးမသွား။ ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယသို့ ရောက်သည့်တိုင် အရှိန်အဟုန်ဖြင့် တောက်လောင်နေဆဲဖြစ်သည်။

မိမိနိုင်ငံအတွက် ဝမ်းနည်းနာကျင်စရာကောင်းသည်ကား နိုင်ငံကို အစိတ်စိတ်အမွှာမွှာ ပြိုကွဲသည်အထိ ဖြစ်ပေါ်လာစေရန် ဦးတည်နေသည့် မြင်ကွင်းများကို မြင်တွေ့နေရခြင်းဖြစ်သည်။ မိမိတို့နည်းတူ သူ့ကျွန်ဘဝသို့ ရောက်ရှိခဲ့ကြ၊ ရုန်းကန်တိုက်ပွဲဝင်ပြီး လွတ်လပ်ရေးကို ရယူနိုင်ခဲ့ကြသော နိုင်ငံများအနေဖြင့် တည်ငြိမ်အေးချမ်းကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နိုင်နေကြပြီ ဖြစ်သော်လည်း မိမိတို့နိုင်ငံမှာ စစ်ပွဲနွံအတွင်း နစ်သည်ထက်နစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုနှေးကွေး၍ ဆင်းရဲတွင်းနက်ကာ ပြည်သူများ ဒုက္ခရောက်နေကြသည်မှာ အဘယ်ကြောင့်ပါနည်း။ နိုင်ငံကို ဦးဆောင်နေသူများ၊ ဦးဆောင်ရန် ကြိုးစားနေကြသည့်ပုဂ္ဂိုလ်များ သုံးသပ်ဆင်ခြင် စဉ်းစားကြဖို့ လိုအပ်နေကြပေပြီ။

## နိုင်ငံချစ်စိတ်မွေးပါ

မြန်မာနိုင်ငံကို ပြည်ထောင်စုနိုင်ငံသားများ၏ အမျိုးသားရေးကို အခြေခံသော မျိုးချစ်စိတ်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ဟူသည်မှာ တိုင်းပြည်နှင့် လူမျိုးကို ချစ်သော စိတ်ဓာတ်ဟူ၍ အဘိဓာန်က ဖွင့်ဆိုထားသည်။ လူမျိုးတို့တည်တံ့ရန်၊ တိုးတက်ဖွံ့ဖြိုးရန် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်နေဖို့ လိုအပ်သည်။ မျိုးချစ်စိတ်ဓာတ်သည် အပြုသဘောကို ဆောင်ပြီး စည်းလုံးညီညွတ်မှုကို ဖြစ်စေသည်။ စည်းလုံးညီညွတ်မှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုကို ဖြစ်ထွန်းစေသည်။

ဤနေရာတွင် တစ်ခုသတိထားကြရန်မှာ မျိုးချစ်စိတ်မှ အမျိုးသားရေးစိတ်ဓာတ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အမျိုးသားရေးစိတ်ကား လူမျိုးကို အခြေခံထားခြင်းဖြစ်ရာ ကျဉ်းမြောင်းသော သဘောထားရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံလို တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံအဖို့ လူမျိုးတစ်မျိုးတည်းကိုအခြေခံသော အမျိုးသားရေးစိတ်ဓာတ်များ လွှမ်းမိုးမသွားရန် အရေးကြီးသည်။ မြန်မာနိုင်ငံမှ တိုင်းရင်းသားပြည်သူများအားလုံးတို့သည် စစ်မှန်သော အမျိုးသားရေးအမြင်၊ အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိရှိနေဖို့ လိုအပ်သည်။ ထို့ကြောင့် မျိုးချစ်စိတ်ကို အခြေခံသော နိုင်ငံချစ်စိတ်ကို မွေးမြူကြရန် လိုအပ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည်မှာ တိုင်းရင်းသာ လူမျိုးတစ်မျိုးသာ လွတ်လပ်ရေးရခဲ့ခြင်းမဟုတ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးသည် တိုင်းရင်းသားပြည်သူများအားလုံးပိုင်ဆိုင်သော အမွေဆိုင်ပစ္စည်းလည်း ဖြစ်သည်။ ဤအမွေဆိုင်ပစ္စည်း ဆုံးရှုံးမသွားရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံး ကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

## ပြည်သူတစ်ရပ်လုံး သွေးစည်းညီညွတ်ကြရန်လို

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဆိုရာတွင်လည်း နိုင်ငံသားပြည်သူအချင်းချင်း၊ တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်မှုသည်လည်း အခြေခံလိုအပ်ချက်ဖြစ်သည်။ အကြောင်းအမျိုးမျိုးပြကာ နိုင်ငံတကာ ဖိအားအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့် ယခုလိုအချိန်အခါတွင် ပြည်သူတစ်ရပ်လုံး သွေးစည်းညီညွတ်ကြရန်လိုသည်။ ယခုအခါ နိုင်ငံခြား တိုင်းပြည်ကြီးအချို့က မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဖိအားပေးပြောဆို ဝင်ရောက်စွက်ဖက်မှုများ ရှိနေသည်ကိုလည်း တိုင်းရင်းသားပြည်သူများ သတိရှိကြရန် လိုအပ်သည်။ တိုင်းရင်းသားပြည်သူများအနေဖြင့် လက်ရှိ တည်ရှိနေသော မြန်မာနိုင်ငံ အဝိုင်းအဝန်းသည် မိမိတို့ ကိုယ်ပိုင်မြေဖြစ်သည် ဆိုသည့် စိတ်ဓာတ်၊ မိမိတို့ ပိုင်နက်နယ်မြေတစ်ခုလုံးကို တန်ဖိုးထားတတ်သည့် နိုင်ငံကိုချစ်သည့် စိတ်ဓာတ်များဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## လွတ်လပ်ရေးကို

❊ လွတ်လပ်ရေးကို
အလေးအနက်ထား
နှလုံးသားနဲ့
ဝင့်ကြွား ဂုဏ်ယူတတ်ပါစေ။
❊ လွတ်လပ်ရေးကို
မျှော်တွေး ရှေးရှု
ဂရုပြုလျက်
သူ့ဝန် ကိုယ့်တာ
ကျေပွန်စွာဖြင့်
မှန်စွာ ထိန်းသိမ်း နိုင်ပါစေ။
❊ လွတ်လပ်ရေးကို
နီစွေးအဓိဋ္ဌာန်
မျိုးချစ်မာန်နဲ့
ထက်သန် ဖြည့်လောင်း
အားကောင်း ပေါင်းစပ်
"ပြည်ထောင်စုစိတ်ဓာတ်" နဲ့
မြင့်မြတ်မြန်မာ
မြဲခိုင်မာဖို့
"မြန်မာ" အသိ
"မြန်မာ" အမြင်
"မြန်မာ" အရေး
အလေးပေးကာ
မျှော်တွေး စောင့်ထိန်း နိုင်ပါစေ။
❊ နိုင်ငံတစ်ခု တည်တံ့မှုနှင့်
ပြည်သူလူထု ဖြစ်တည်မှုတွက်
အသက်တမျှ အရေးပါ
ဝိညာဉ်ပမာ အရေးကြီး
လွတ်လပ်ရေးကြီး
ခိုင်ဖြိုးရှင်သန်
အစွန့်ရှည်ရန်
ရည်သန်ဆန္ဒ မြဲတစေ။
ကိုယ်စီ တာဝန် ကျေကြစေ။
နောင်ဆွေညီအစ်ကို သားချင်းတွေ ။ ။

**မျိုးမြတ်မြတ်မြင့်မောင်**
**(လွတ်လပ်ရေးနေ့များစွာကို ဂုဏ်ပြုလျက်)**

## ကာလိမြို့၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကာလိ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် သတင်းစကား လက်ကမ်းစာစောင်များကို အခြေခံပညာ အထက်တန်းကျောင်း၌ ဇန်နဝါရီ ၁ ရက်က ဖြန့်ဝေပေးသည်။

လက်ကမ်းစာစောင်ကို ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဖြန့်ဝေပေးခြင်းဖြစ်ပြီး အဆိုပါ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေ၍ အခမဲ့ဖြန့်ဝေပေးခြင်း ဖြစ်သည်။

**ထင်ထင်(ပြန်/ဆက်)**

## မြိတ်မြို့ သီတဂူဇီဝိတဒါန စက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင် ၃၁၆ ဦးအား အခမဲ့ ခွဲစိတ်ကုသပေး



**မြိတ် ဇန်နဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တပ်ပြင်ရပ် စပါးရွှေဝါလမ်းရှိ သီတဂူဇီဝိတဒါန စက္ခုဒါနဆေးရုံ၌ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဦးဆောင်သည့် သီတဂူနယ်လှည့် မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့က မြိတ်ခရိုင်အတွင်းရှိ ရဟန်းရှင်လူပြည်သူများ၏ မျက်စိရောဂါဝေဒနာရှင်များအား ငါးရက်တိုင်တိုင် အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခဲ့သည်။

မြိတ်ခရိုင် အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအား ရေတိမ်စမ်းသပ်စက်၊ ပါဝါစမ်းသပ်စက်နှင့် အခြားမျက်စိရောဂါ စမ်းသပ်စက်များဖြင့် သီတဂူနယ်လှည့် မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် အဖွဲ့က အမြင်စမ်းသပ်ခြင်း၊ မျက်တွင်းမှန်တိုင်းခြင်း၊ ရေချိန်တိုင်းခြင်းတို့ကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ဆောင်ရွက်ပေးခဲ့ရာ ရဟန်းရှင်လူ ပြည်သူ ၁၅၄၃ ဦးအား စမ်းသပ် စစ်ဆေးပေးနိုင်ခဲ့ပြီး ခွဲစိတ်ရန် လိုအပ်သည့် ၃၁၆ ဦးအား ဆေးရုံခွဲစိတ်ခန်းအတွင်း မျက်စိခွဲစိတ် ကုသပေးသည့်စက်သုံးစုံ၊ ခွဲစိတ်ခုတင် လေးလုံးတို့ဖြင့် ခွဲစိပ်ကုသ အလင်းဒါနပြုပေးခဲ့ကြောင်း သိရသည်။

မျက်စိရောဂါ ဝေဒနာရှင်များအား စမ်းသပ်ခွဲစိတ်ကုသပေးခြင်းကို သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရ ကြွရောက်ဦးဆောင်၍ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူ များကလည်း ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။ (အပေါ်ပုံ) ထို့အပြင် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြိတ်မြို့ သီတဂူဇီဝိတဒါန စက္ခုဒါန ဆေးရုံစီမံ စောင့်ရှောက်ရေးအဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီနှင့် ပရဟိတ အသင်းအဖွဲ့များကလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## မကွေးမြို့နယ်၌ ကျေးရွာဘက်စုံသုံးခန်းမနှင့် ရေသန့်စင်စက်ရုံ ဖွင့်လှစ်



**မကွေး ဇန်နဝါရီ ၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရှားဇောင်းကန် ကျေးရွာအုပ်စု သံဘိုရွာသစ်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းခွင့်ပြုရန်ပုံငွေ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဘက်စုံသုံးခန်းမနှင့် ရေသန့်စင်စက်ရုံကို ဒီဇင်ဘာ ၃၀ ရက်က ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးလင်းထွဋ်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးထွန်းခင်၊ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးတင့်လွင်ဦးနှင့် တာဝန်ရှိသူများက ဘက်စုံသုံးခန်းမနှင့် ရေသန့်စက်ရုံတို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သံဘိုရွာသစ်ကျေးရွာမှ ကျေးရွာ ပြည်သူလူထုနှင့် တွေ့ဆုံ၍ ခေတ်မီစံပြကျေးရွာ စီမံကိန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို တိုင်းဒေသကြီး ဦးစီးမှူးက ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ ကျေးရွာသားများက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြတောင်းခံမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမမှာ အလျား ၆၀ ပေ အနံ ၃၆ ပေ၊ အမြင့် ၁၂ ပေရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာ ထူထောင်ရေး စီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၉ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၆ ဒသမ ၇ သန်းဖြင့်လည်းကောင်း၊ ရေသန့်စက်ရုံ တည်ဆောက်ခြင်း အလျား ၂၃ ပေ၊ အနံ ၁၀ ပေ၊ အမြင့်ရှစ်ပေ ရေသန့်စက်တပ်ဆင်ခြင်းတို့အတွက် စီမံကိန်းခွင့်ပြုရန်ပုံငွေကျပ် ၁၀ ဒသမ ၁ သန်းနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၃ သန်းဖြင့်လည်းကောင်း ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၆၂ အိမ်မှ လူဦးရေ ၂၇၉ ဦးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**

## မိုင်းယောင်း၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တော်ဆိုင်ကယ်ပြင်သင်တန်းဖွင့်

**မိုင်းယောင်း ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်း မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တော်ဆိုင်ကယ်ပြင် သင်တန်းကို ဟောင်ကြန့်အုပ်စု ယမ်းခမ်းကျေးရွာ ဘက်စုံသုံးခန်းမ၌ ဇန်နဝါရီ ၁ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းက သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား တန်ဖိုးငွေကျပ် ငါးသိန်းခန့်ရှိ သင်ထောက်ကူပြုပစ္စည်းများ ပေးအပ်ခဲ့သည်။ သင်တန်းကို ဇန်နဝါရီ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကာ သင်တန်းသား ၁၀ ဦး တက်ရောက်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

◆ကျောဖုံးမှ

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးနေလင်စိုး၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ စီးပွားရေးဝန်ကြီး ဦးသိန်းငွေ၊ သယံဇာတဝန်ကြီး ဦးရွှေဇင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲမှူးကြီးစိန်လွင်နှင့် ဥပဒေချုပ်ဦးမြင့်အောင်တို့ တက်ရောက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး အကောက်ခွန် ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် တက်ရောက်လာသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကွန်တိန်နာနှင့် ရထားခေါင်းတွဲတို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် မြို့တော်ဝန် ဦးကျော်ဆန်း၊ မြန်မာ့မီးရထား အထက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးစိုင်းသော်လင်းနှင့် အကောက်ခွန် ညွှန်ကြားရေးမှူး တက်ထွန်းအောင်တို့က အမှတ်တရ အမှာစကားများ ပြောကြားသည်။ (အပေါ်ပုံ)



ဆက်လက်ပြီး RGl မှတာဝန်ရှိသူ ဒေါ်အေးငြိမ်းသူက မန္တလေးမှ တိုက်ရိုက်ကုန်တင်ပို့ခြင်း လုပ်ငန်းစဉ်၏ အကျိုးရလဒ်များမှာ မန္တလေးတိုင်းဒေသကြီး အတွင်းရှိကုန်တင်ပို့သူများပြောင်း၊ ဆန်၊ ပဲအမျိုးမျိုးနှင့် အခြားပို့ကုန်များ (သတ္တု၊ ကြေးနီ)စသည်များကို တင်ပို့သည့် ပို့ကုန်လုပ်ငန်းရှင်များအတွက် အချိန်နှင့်ကုန်ကျစရိတ် သက်သာစွာဖြင့် မြန်မာ့မီးရထား ကုန်သေတ္တာရထားဖြင့် ပို့ဆောင်နိုင်ပြီဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၏ ထိရောက်သော ညှိနှိုင်းပေးမှုများနှင့် လမ်းညွှန်မှုများ၏ ရလဒ်အဖြစ် Maersk Shipping L ၏ ကုန်သေတ္တာများကို အသုံးပြု၍ RIO ကုမ္ပဏီ၏ ပြောင်းတန်ချိန် ၄၉၀ ကွန်တိန်နာ အလုံး ၂၀ ကို မိမိတို့၏ RG ကုန်းတွင်းဆိပ် (မြစ်ငယ်)မှ သီလဝါ MITT ဆိပ်ကမ်းသို့ တိုက်ရိုက် ကုန်သေတ္တာရထားဖြင့် ၁/၁/၂၀၂၄ ရက်နေ့တွင် စတင်သယ်ဆောင်နိုင်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသို့ ပထမဆုံး တိုက်ရိုက် Export Cargo အဖြစ် တင်ပို့ဆောင်ရွက်နိုင်သည့် အတွက် လုပ်ငန်းစဉ် အောင်မြင်အောင် ထိထိရောက်ရောက် ပါဝင်ထောက်ပံ့ပေးကြသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ မန္တလေးတိုင်း ကုန်စည်မှန်ကန်မြန်ဆန်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စိုးသီဟ (ပြန်/ဆက်)**

❊ ကျောဖုံးမှ

ဝက်စ်ဟမ်းအသင်းက ဒီရာသီမှာ အိမ်ကွင်း၊ အဝေးကွင်း စွမ်းဆောင်ရည် ညီမျှမှုရှိပြီး ပြိုင်ဘက် ဘရိုက်တန်အသင်းက အဝေးကွင်းအားနည်းလေ့ရှိတယ်။ ဒါ့အပြင် ဝက်စ်ဟမ်းအသင်းက ဒီပွဲစဉ်မတိုင်မီမှာ နာမည်ကြီး မန်ယူနဲ့ အာဆင်နယ်အသင်းတို့ကို ဂိုးပြတ်နိုင်ပွဲရရှိအောင် ဖော်ဆောင်ထားနိုင်တာကြောင့် စိတ်ဓာတ်ပိုင်းဆိုင်ရာနဲ့ နိုင်လိုစိတ်ပြင်းထန်မှုပိုင်းမှာ အမြင့်ဆုံးမှာ ရှိနေတယ်။

ဘရိုက်တန်အသင်းကလည်း ဒီပွဲစဉ်မတိုင်မီ နာမည်ကြီး စပါးအသင်းကို ဂိုးပြတ်နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားတယ်။ ဒါပေမယ့် အဝေးကွင်းစွမ်းဆောင်ရည် အားနည်းတတ်တဲ့ ဘရိုက်တန်အသင်းအနေနဲ့ ဝက်စ်ဟမ်း အိမ်ကွင်းမှာ ရလဒ်ကောင်းရရှိဖို့ မလွယ်ကူတဲ့ အခြေအနေမှာရှိတယ်။ ဝက်စ်ဟမ်းအသင်းကလည်း အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းနိုင်ဖို့ အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ပြီး တိုက်စစ်အားပြိုင်မှာဖြစ်သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိတယ်။ ဒါကြောင့်အပြန်အလှန်သွင်းဂိုးတွေမြင်တွေ့ရပြီး အဆုံးသတ်သေချာခဲ့ရင် ဝက်စ်ဟမ်းအသင်း ကပ်နိုင်ဖွယ်ရှိတယ်။ **အောင်ဇော်**

❍ ကျောဖုံးမှ

အထင်ကရကျွန်းများဖြစ်သော မြွေကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ချစ်သူများကျွန်း၊ ဆင်မကျွန်း၊ ကျွန်းလျားရှည်၊ ကျောက်မောင်နှမ၊ ဘုရားသုံးဆူနှင့် မိုးမခဆင်စခန်းများသို့ သွားရောက်လည်ပတ်ကြသူများဖြင့် စည်ကားခဲ့သည်။

ငွေဆောင်ကမ်းခြေဒေသသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှလုပ်ငန်းလိုင်စင်ရယူ၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော ဟိုတယ်တည်းခိုရိပ်သာ ၃၇ လုံးရှိပြီး ၂၀၂၁ ခုနှစ်တွင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည် ဝင်ရောက်တည်းခိုမှုမှာ ၈၁၁၃၄ ဦး၊ ၂၀၂၂ ခုနှစ်တွင် ၂၈၆၁၂၂ ဦး၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒွန်လအထိ ၂၄၆၀၉၇ ဦး ဝင်ရောက်တည်းခိုခဲ့ကြောင်း သိရသည်။ **ငွေဆောင်(ပြန် / ဆက်)**

## နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်းကို ပဏာမကစားသမား ၄၄ ဦးဖြင့် ဖွဲ့စည်း

**ရန်ကုန် ဇန်နဝါရီ ၁**

မြန်မာ ယူ - ၁၉ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် ပဏာမကစားသမား ၄၄ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

မြန်မာ ယူ - ၁၉ အသင်းကို ၂၀၂၃ နှစ်ဆန်းပိုင်းတွင် စတင်ဖွဲ့စည်းခဲ့သော်လည်း ကာလရှည်စခန်းသွင်း လေ့ကျင့်နေသည့် ကာလအတွင်း ပြိုင်ပွဲအတွေ့အကြုံကောင်းများရရှိရန် ၂၀၂၃ ရာသီ MNL–2 ပြိုင်ပွဲကို Junior Lions အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သလို ပြည်တွင်းကလပ်များ၊ အကယ်ဒမီအသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားစေခဲ့သည်။ မြန်မာ ယူ - ၁၉ အသင်းသည် MNL–2 ပြိုင်ပွဲအပြီးတွင် ကစားသမားသစ်များ ထပ်မံအားဖြည့်ခဲ့ပြီး လက်ရှိတွင် ပဏာမကစားသမား ၄၄ ဦးဖြင့် လေ့ကျင့်နေခြင်းဖြစ်သည်။ လက်ရှိရွေးချယ်ထားသည့် ပဏာမလူစာရင်းတွင် မြန်မာ ယူ–၁၆ အသင်း (Young Boys) အသင်းမှ ကစားသမားများ၊ အကယ်ဒမီများမှ ကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲများမှ ထွက်ပေါ်လာသော ကစားသမားများ၊ MNL နှင့် MNL–2 ကလပ်အသင်းများမှ ကစားသမားများပါဝင်ပြီး အလားအလာရှိသည့် လူငယ်ကစားသမားများကိုလည်း ထပ်မံအားဖြည့်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ–၁၉ အသင်းသည် ယခုနှစ်အတွင်း အာရှဖလား ယူ–၂၀ ခြေစစ်ပွဲအပါအဝင် အာဆီယံ ယူ–၁၉ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အခြား နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ ယူ - ၁၉ အသင်းတွင် နည်းပြချုပ်အဖြစ် ဦးအောင်နိုင်၊ လက်ထောက် နည်းပြများအဖြစ် ဦးအောင်ခိုင်၊ ဦးခင်မောင်ထွေး နှင့် ဂိုးနည်းပြအဖြစ် ဦးဇော်လင်းအောင်၊ အားကစားသမားများအဖြစ် ဂိုးသမား– စောကျော်ခန့်နို (တက္ကသိုလ်)၊ စောအယ်ဒီထူး (Dagon Port)၊ ချစ်ရအောင်စိုး (နေပြည်တော်)၊ ပိုင်ဇင် (အား/ကာသိပ္ပံ)၊ ဟန်မြင့်မြတ်ထွန်း (မဟာယူနိုက်တက်)၊ နောက်တန်း– ထွန်းထွန်းသိန်း (ရတနာပုံ)၊ ကောင်းဆက်ပိုင် (အား/ကာသိပ္ပံ)၊ ကောင်းခန့်ကျော် (ရှော့ဝတီယူနိုက်တက်)၊ ဖြိုးပြည့်စုံ(မန္တလေးတိုင်းဒေသကြီး)၊ အောင်မြင့် (မွန်ပြည်နယ်)၊ ရဲကောင်းဆက်၊ သူရအောင် (Glory Goal)၊ ခန့်ဇင်ဟိန်း၊ ရှင်မွေလင်္ဂိုင်းကီး၊ ခွန်းချို ထူး (Junior Lions)၊ လွမ်းထက်ထွန်း (စီမံ/ဘဏ္ဍာ)၊ စခန့်ချော (တက္ကသိုလ်)၊ လွင်ဖြိုးအောင် (ဟံသာဝတီယူနိုက်တက်)၊ အလယ်တန်း– ခွန်သူရိန်ထူး (Police Tero Academy)၊ အောင်ခန့်ကျော် (နေပြည်တော်)၊ စောလင်းထက်ပိုင် (ရခိုင်ယူနိုက်တက်)၊ ဝိုင်းလု (ဟံသာဝတီယူနိုက်တက်)၊ သူရ (Glory Goal)၊ ဂျခီဆွတ်အောင် (Junior Lions)၊ ဇော်မျိုးထွန်း၊ မင်းသန့်ဗိုလ် (စီမံ/ ဘဏ္ဍာ)၊ ကောင်းဇေယျာလင်း (မဟာယူနိုက်တက်)၊ ကောင်းခန့်ကျော် (မန္တလေးအကယ်ဒမီ)၊ နိုင်ကို (မွန်ပြည်နယ်)၊ သိန်းဇော်သီဟ (အား/ကာသိပ္ပံ)၊ မင်းမော်ဦး (သစ္စာအားမာန်)၊ နိုင်အောင်ဆန်း (Dagon Port)၊ ဝင်းကိုငွေ (Junior Lions)၊ ရှေ့တန်း – စွမ်းထက် (ရတနာပုံ)၊ ဝင်းပြည့်မောင်၊ နိုင်လင်းဖြိုး (အား/ကာသိပ္ပံ)၊ ဖွဲ့မာန်သာ (ဟံသာဝတီယူနိုက်တက်)၊ နိုင်ဝင်းထွန်း (မန္တလေးတိုင်းဒေသကြီး)၊ စောဆဲကပေါ်ဆေး၊ မောင်တော့ (ရှော့ဝတီတိုင်းဒေသကြီး)၊ စောမျိုးဇော် (သစ္စာအားမာန်)၊ ထွန်းနိုင်စိုး(ရက္ခပူရယူနိုက်တက်)၊ ရှိုင်းဝဏ္ဏအောင်နှင့် စိုင်းဇေယျာကျော် (Junior Lions) တို့ ပါဝင်ကြသည်။

**ကိုညီလေး**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၃–၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၈–၁–၂၀၂၄ ရက်နေ့မှ ၁၆–၂–၂၀၂၄ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်–

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ် – ၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း – ၀၉ ၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ် – ၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း– ၀၂–၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း– ၀၅၇–၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း– ၀၅၄–၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း– ၀၇၄–၂၅၂၂၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ – ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း – ၀၉–၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်–၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း – ၀၄၂–၂၅၃၇၃၊ ၀၄၂–၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း– ၀၄၃– ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ် – ၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း – ၀၉–၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း– ၀၅၉–၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ဂျပန်နိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်ပြီးနောက် အိုရှီခဝါ၊ တိုယာမာနှင့် နီးဂါတာ စီရင်စုတို့တွင် ဆူနာမီဖြစ်ပွား

**တိုကျို ဇန်နဝါရီ ၁**

**အင်အားအလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်ပြီးနောက် အိုရှီခဝါစီရင်စု ဝါဂျီးမားမြို့၌ တနင်္လာနေ့ ညနေ ၄ နာရီ ၂၁ မိနစ်တွင် ၁ ဒသမ ၂ မီတာကျော်သည့် ဆူနာမီဖြစ်ပေါ်ခဲ့ကြောင်း နိုင်ငံတကာသတင်း တစ်ရပ်၌ ဖော်ပြထားသည်။**


ထို့အပြင် တိုယာမာစီရင်စု တိုယာမာမြို့၌ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ၈၀ စင်တီမီတာရှိသော ဆူနာမီဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ နီးဂါတာ စီရင်စု ကာရှီဝါဇကီမြို့၌လည်း ညနေ ၄ နာရီ ၃၆ မိနစ်တွင် ၄၀ စင်တီမီတာရှိသော ဆူနာမီ ဖြစ်ပေါ်ခဲ့သည်။

**ဆူနာမီသည် ကမ်းခြေကို ကြိမ်ဖန်များစွာရိုက်ခတ်နိုင်**

ဆူနာမီသည် ဂျပန်ပင်လယ်ကမ်းရိုးတန်းသို့ ရောက်ရှိနေပြီဖြစ်သည်။ ဆူနာမီသည် ပင်လယ် ကမ်းခြေကို ကြိမ်ဖန်များစွာ ရိုက်ခတ်နိုင်ပြီး ပိုမို မြင့်မားလာနိုင်ကြောင်း သိရသည်။ အဆိုပါဒေသမှ ပြည်သူများသည် ချက်ချင်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန်နှင့် ပြည်သူများအနေဖြင့် သတိဝီရိယ ဖြင့် ပိုမိုမြင့်မားသော ကုန်းမြင့်များတွင် တိမ်းရှောင် ကြပြီး ကမ်းခြေနှင့် ဖြစ်နိုင်သမျှ အဝေးဆုံးတွင် နေကြရန် သတိပေးထားသည်။

**ပြင်းအား ၇ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့**

အခြားသတင်းတစ်ရပ်တွင် ဂျပန်မိုးလေဝသ အေဂျင်စီသည် အိုရှီခဝါစီရင်စုအတွက် ထုတ်ပြန် ထားသော ဆူနာမီသတိပေးချက်ကို အဆင့်လျှော့ချ လိုက်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် ဂျပန် ကမ်းရိုးတန်းရှိ ကျန်ရှိသော စီရင်စုများအတွက် ဆူနာမီဆိုင်ရာ အကြံပြုချက်များကို ထုတ်ပြန် ထားကြောင်း အဆိုပါ အေဂျင်စီက ပြောသည်။




ဇန်နဝါရီ ၁ ရက်က ပြင်းအား ၇ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်ခတ်ပြီးနောက် အဆောက်အအုံများစွာ ပြိုကျခဲ့မှုနှင့် ပတ်သက်ပြီး ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ဟာယာရှီ ယိုရှီမာဆာက အတည်ပြု ပြောသည်။

အင်န်အိတ်ချ်ကေ

# ကမ္ဘာတစ်ဝန်းလုံးရှိ နှစ်သစ်ကူးကြိုဆိုသူများ နှစ်သစ်ကူးကို စည်ကားသိုက်မြိုက်စွာကြိုဆို

**လန်ဒန် ဇန်နဝါရီ ၁**

ကမ္ဘာတစ်ဝန်းလုံးရှိ နှစ်သစ်ကြိုဆိုသူများသည် နှစ်သစ်ကူးမည့် သန်းခေါင်ယံအချိန်ကို စောင့်မျှော်လျက် မီးရှူးမီးပန်းများ ပစ်လွှတ်၊ ထွန်းညှိကြသလို ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ နှစ်သစ်ကူးကို ကြိုဆိုခဲ့ကြသည်။ ထို့အတူ နှစ်သစ်ကူးဆုတောင်းများလည်း မျှဝေခဲ့ကြသည်။



ကမ္ဘာတစ်ဝန်း ဆက်လက်ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများက လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုကို မြင့်တက်စေပြီး ကမ္ဘာတစ်ဝန်း နှစ်သစ်ကူး ကြိုဆိုပွဲများကို ဖျက်သိမ်းနိုင်လောက်သည်အထိ ဖြစ်ပေါ်စေခဲ့သော်လည်း ကမ္ဘာတစ်ဝန်း နှစ်သစ်ကူးဆင်နွှဲသူများသည် မျှော်လင့်ချက်များဖြင့် ပြည့်ဝနေသည့် ၂၀၂၄ ခုနှစ်ကို လက်ကမ်းကြိုဆိုခဲ့ကြသည်။

ရင်သပ်ရှုမောဖွယ် ကောင်းသည့် မီးပန်းများသည် ဂရိ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ကင်ညာ၊ ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စု၊ နယူးဇီလန်၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ဂျပန်၊ ဟောင်ကောင်၊ တရုတ်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ ပါကစ္စတန်၊ ရုရှား၊ ယူကရိန်း၊ တောင်အာဖရိက၊ နိုင်ဂျီးရီး၊ ပြင်သစ်၊ အင်္ဂလန်၊ ဘရာဇီး စသည့် ကမ္ဘာ့နိုင်ငံ အသီးသီးနှင့် ထင်ရှားကျော်ကြားသော မြို့များ၏ ဝေဟင်တွင် ထွန်းလင်း တောက်ပလျက်ရှိသည်။

၂၀၂၄ နှစ်သစ်သည် ကောင်းခြင်းတွေ ပြည့်စုံသည့်နှစ်၊ ပြည့်စုံကြွယ်ဝမှုတွေနှင့် ပျော်ရွှင်မှုတွေ အတိပြီးသော နှစ်ဖြစ်ပါစေကြောင်း မိမိတို့ ဆုတောင်းပါသည်ဟု ၂၀၂၄ နှစ်သစ်ကြိုဆိုသူ အီရတ်နိုင်ငံသားတစ်ဦးက ပြောကြားခဲ့သည်။

ဆင်ဟွာ

# ၂၀၂၃ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၄၈ သန်းကျော် ဝင်ရောက်မှုရှိ

**ကိုလံဘို ဇန်နဝါရီ ၁**

၂၀၂၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၁၄၈၇၃၀၃ ဦး သီရိလင်္ကာနိုင်ငံသို့ ဝင်ရောက်မှုရှိခဲ့ပြီး ၂၀၂၂ ခုနှစ်ကထက် ၁၀၆ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ (အက်စ်အယ်အီဒီအေ) က ထုတ်ပြန်သော နောက်ဆုံးကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

ဒီဇင်ဘာလတွင် ကမ္ဘာလှည့်ခရီးသွား ၂၁၀၃၅၂ ဦးအထိ သီရိလင်္ကာနိုင်ငံသို့ ဝင်ရောက်မှုရှိခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသည် တစ်နှစ်ပတ်လုံးတွင်မှ ကမ္ဘာလှည့်ခရီးသည် ၇၁၉၉၇၈ ဦးသာ ရှိခဲ့ကြောင်း အက်စ်အယ်အီဒီအေ အချက်အလက်တွင် ဖော်ပြထားသည်။ ခရီးသွားလုပ်ငန်းကဏ္ဍသည် သီရိလင်္ကာနိုင်ငံ၏ ထိပ်တန်း နိုင်ငံခြားငွေရရှိသည့် လုပ်ငန်းများထဲမှ တစ်ခုဖြစ်သည်။

ခရီးသွားလုပ်ငန်းကဏ္ဍကို မြှင့်တင်ရန်အလို့ငှာ နိုဝင်ဘာလ နှောင်းပိုင်းတွင် သီရိလင်္ကာအစိုးရသည် တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ရုရှား၊ ထိုင်း၊ မလေးရှားနှင့် ဂျပန်နိုင်ငံသားများအတွက် ဗီဇာနှုန်းထားများကို လျှော့ပေါ့ပေးခဲ့သည်။

ဆင်ဟွာ



# ဗီယက်နမ်နိုင်ငံသို့ ၂၀၂၃ ခုနှစ်တွင် နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၁၂ ဒသမ ၆ သန်း စံချိန်တင်ရှိ

**ဟန်နွိုင်း ဇန်နဝါရီ ၁**

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွား ၁၂ ဒသမ ၆ သန်း စံချိန်တင်ဝင်ရောက်မှုရှိခဲ့ကြောင်း၊ အဆိုပါ နိုင်ငံတကာခရီးသွားဝင်ရောက်မှု ပမာဏမှာ ၂၀၂၂ ခုနှစ်ကထက် ၃ ဒသမ ၄ ဆ မြင့်တက်လာကြောင်း ဗီယက်နမ် အထွေထွေစာရင်းအင်းရုံးက ထုတ်ပြန်သော နောက်ဆုံး အချက်အလက်များအရ သိရသည်။

ထို့အပြင် နိုင်ငံတကာခရီးသွားဝင်ရောက်မှုပမာဏမှာ သတ်မှတ်ထားသည့် ရှစ်သန်းထက်ကျော်လွန်လာခြင်းဖြစ်သည်။ သို့သော်လည်း ၂၀၁၉ ခုနှစ် ကပ်ရောဂါအကြိုကာလ၌ဝင်ရောက်ခဲ့သော နိုင်ငံခြားခရီးသွားအရေအတွက် ၇၀ ရာခိုင်နှုန်းနှင့် ညီမျှသည်ဟု အဆိုပါ စာရင်းအင်းရုံးက ပြောသည်။

နိုင်ငံခြား ခရီးသွားအများစုမှာ အာရှမှဖြစ်ပြီး အရေအတွက်အားဖြင့် ၉ ဒသမ ၇၈ သန်းရှိကြောင်း၊ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၈ ဆ မြင့်တက်လာကြောင်း၊ ယင်းနောက်တွင် ဥရောပက ၁ ဒသမ ၄၆ သန်း နီးပါးရှိပြီး ၂ ဒသမ ၉ ဆ မြင့်တက်လာကြောင်းနှင့် အမေရိကားက ၉၀၃၈၀၀ ဦးရှိပြီး ၂ ဒသမ ၃ ဆ မြင့်တက်လာကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံခြား ခရီးသွားများအနက် ၁၁ သန်းနီးပါးမှာ လေကြောင်းမှ တစ်ဆင့် ရောက်ရှိလာကြသူများဖြစ်ပြီး စုစုပေါင်း၏ ၈၆ ဒသမ ၉ ရာခိုင်နှုန်းဖြစ်ကာ ယခင်နှစ်ကထက် ၃ ဒသမ ၃ ဆ မြင့်တက်လာသည်။ ထို့အပြင် ၁ ဒသမ ၅ သန်းခန့်မှာ ကုန်းလမ်းဖြင့် ရောက်ရှိလာကြသူများဖြစ်ကာ ၁၂၆၁၀၀ မှာ ပင်လယ်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်လာကြသူများဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် နေရာထိုင်ခင်းနှင့် စားသောက်ရေး ဝန်ဆောင်မှုများမှ ဝင်ငွေခန့်မှန်းခြေအားဖြင့် ဗီယက်နမ်ဒေါင် ၆၇၃ ဒသမ ၅ ထရီလီယံရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



# ၁၉၄၈ ခုနှစ်နောက်ပိုင်း ၂၀၂၃ ခုနှစ်အတွင်း ပါလက်စတိုင်း သေဆုံးသူ အများဆုံးဖြစ်

**ရာမယ်လာ ဇန်နဝါရီ ၁**

၁၉၄၈ ခုနှစ်နောက်ပိုင်း အခြားသောနှစ်များထက် ၂၀၂၃ ခုနှစ်သည် ပဋိပက္ခအတွင်း ပါလက်စတိုင်း သေဆုံးမှုများ ပိုမိုများပြားခဲ့ကြောင်း ပါလက်စတိုင်း စာရင်းအင်းဗဟိုဗျူရိုက ဒီဇင်ဘာ ၃၁ ရက်တွင် ပြောသည်။

အဆိုပါ ဗျူရို၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်တွင် ပါလက်စတိုင်း သေဆုံးသူဦးရေမှာ ၂၂၄၀၄ ဦး သေဆုံးခဲ့ကြောင်း၊ ၎င်းတို့ထဲမှ ၂၂၁၄၁ ဦးမှာ အောက်တိုဘာ ၇ ရက်တွင် အစ္စရေးနှင့် ဟားမားစ်တို့အကြား ပဋိပက္ခဖြစ်ပွားမှုနောက်ပိုင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပါလက်စတိုင်း သေဆုံးသူ ၉၈ ရာခိုင်နှုန်းမှာ ကလေးငယ် ၉၀၀၀ နှင့် အမျိုးသမီး ၆၄၅၀ အပါအဝင် ဂါဇာကမ်းမြောင်တွင်ဖြစ်ကြောင်း စာရင်းအင်းဗဟိုဗျူရိုက ပြောသည်။ ထို့အပြင် အောက်တိုဘာ ၇ ရက် နောက်ပိုင်း အနောက်ဘက်ကမ်းတွင်ပါလက်စတိုင်း ၃၁၉ ဦး သေဆုံးခဲ့ကြောင်း အဆိုပါဗျူရိုက ဆက်ပြောသည်။

ဆင်ဟွာ

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများ အဓိကတင်ပို့

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်းတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ပို့ကုန် ၁၁၅၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ သန်းနှင့် သွင်းကုန် ၄၁၉ တန်၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၀ ဒသမ ၂၈၄ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၁ ဒသမ ၃၈၄ ဒေါ်လာ သန်းဖြစ်သည်။

အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးဖမ်းပိုက်အသေးစား ၁၉ တန်၊ ဆီအုန်း ၂၈၀ တန်၊ ကဗျက်ငါး ၅၆ ဒသမ ၁၇၀ တန်၊ ငါးခွေးလျှာ ၄ ဒသမ ၅၂၀ တန်၊ ကင်းမွန် ၁၁ ဒသမ ၂၁၀ တန်၊ ငါးပါကင် ၈၁ ဒသမ ၈၅၄ တန်၊ ငါးမဲလုံး ၅၆ ဒသမ ၈၀၀ တန်၊ ပလာလန်းငါး ၁၅ ဒသမ ၆၇၀ တန်၊ ပလာတူးငါး ၃၂ ဒသမ ၂၇၀ တန်နှင့် ငါးဝိုင်း ၅ ဒသမ ၅၂၀ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမှာ ကြိုး ၂၅ တန်၊ ပလတ်စတစ်ရေခဲပုံး ခုနစ်တန်၊ ငါးဖမ်းပိုက် ၃၁ တန်၊ ကြွေပြား အရေအတွက် စတုရန်းမီတာ ၁၃၅၅၀၊ ဖိနပ် အရန် ၁၆၇၀၄၀၊ သကြားလုံး ၂၉ တန်၊ ထမင်းပေါင်းအိုးအရေအတွက် ၁၈၉၆ လုံး၊ လေအေးစက် အရေအတွက် ၃၄၅ လုံး၊ ပီလောပီနံမှုန့် တန် ၂၇၀ ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၀၁၅ ဒသမ ၂၃ ဘတ်၊ တစ်ဘတ်လျှင် ၉၈ ဒသမ ၅ ကျပ်ခန့် ဖြစ်ကြောင်း သိရသည်။

**DOT (ကော့သောင်း)**

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၆ ဒသမ ကန်ဒေါ်လာ ၃၇၉ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၁၅ ဒသမ ၃၀၇ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၁ ဒသမ ၆၈၆ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၃-၁၂-၂၀၂၃ မှ ၂၉-၁၂-၂၀၂၃ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငရုတ်(ခြောက်) ဒေါ်လာ ၀ ဒသမ ၆၈၈ သန်း၊ ကြက်သွန်နီ ဒေါ်လာ ၀ ဒသမ ၀၇၂ သန်း၊ ကော်ဖီစေ့ ဒေါ်လာ ၀ ဒသမ ၇၇၁ သန်း၊ ပြောင်းကြိတ်ဖတ် ဒေါ်လာ ၀ ဒသမ ၁၅၂ သန်း၊ ငရုတ်သီး(စိမ်း)(အစို) ဒေါ်လာ ၀ ဒသမ ၀၉၂ သန်း၊ သတ္တုနှင့် သတ္တုရိုင်းများ ဒေါ်လာ ၀ ဒသမ ၁၃၄ သန်း၊ ကွမ်းသီး ဒေါ်လာ ၀ ဒသမ ၀၇၃ သန်း၊ အခြားရေထွက်ပစ္စည်း ဒေါ်လာ ၀ ဒသမ ၀၁၉ သန်း၊ မက္ကဒေး မီးယား ဒေါ်လာ ၀ ဒသမ ၀၀၈ သန်းနှင့် ငါးမျိုးစုံ ဒေါ်လာ ၀ ဒသမ ၀၀၇ သန်းတို့ဖြစ်သည်။

၂၃-၁၂-၂၀၂၃ မှ ၂၉-၁၂-၂၀၂၃ ရက်အထိ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ ဒေါ်လာ ၀ ဒသမ ၅၇၀ သန်း၊ ဆေးဝါးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၆၅၀ သန်း၊ တာယာနှင့် ကျွတ်များ ဒေါ်လာ ၀ ဒသမ ၁၈၈ သန်း၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၁၈၁ သန်း၊ သွားတိုက်ဆေး ဒေါ်လာ ၀ ဒသမ ၁၅၇ သန်း၊ လေအေးစက်များဒေါ်လာ ၀ဒသမ ၁၄၈ သန်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ ဒေါ်လာ ၁ ဒသမ ၀၄၅ သန်း၊ ရေနံထွက်ပစ္စည်း ဒေါ်လာ ၀ ဒသမ ၂၄၅ သန်း၊ စက်နှင့် စက်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၃၂၆ သန်းနှင့် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၂၄၂ သန်းတို့ဖြစ်သည်။ ပြင်ပငွေလဲနှုန်းအနေဖြင့်တစ်ဘတ်လျှင် ၉၈ ဒသမ ၅၂ ကျပ် ဖြစ်ကြောင်း သိရသည်။ **(DOT မြဝတီ)**

# ဂန့်ဂေါမြို့နယ်တွင် ထောပတ်ပဲသီးနှံများ စိုက်ပျိုးပြီးစီး

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ ကျေးရွာများဖြစ်သော ကျွဲနန်း၊ လက်ပံ၊ တောင်လယ်၊ ရွှေတောင်၊ သာကောင်း၊ တောင်ယာပြင်၊ အင်တိုင်း၊ မောက်လင်း၊ မွေ့လယ်၊ ဝယ်လှောင်၊ ထယ်လှောင်နှင့် မောက်ရွာစသည့် ကျေးရွာများတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီး စားတော်ပဲ၊ နှမ်းမျိုးစုံ၊ ထောပတ်ပဲနှင့်အခြားပဲသီးနှံများကို စိုက်ပျိုးကြကြောင်း မောက်ရွာတွင် ထောပတ်ပဲသီးနှံ စိုက်ပျိုးဧက ၁၂၀၀ ကျော်ရှိ၍ ထောပတ်ပဲကို သီတင်းကျွတ်လကုန် တန်ဆောင်မုန်းလဆန်းပိုင်းတွင် ကြဲပက်စနစ်ဖြင့် သီးထပ်စိုက်ပျိုးကြကြောင်း၊ ထောပတ်ပဲသီးနှံစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ်ခြောက်သိန်း ကုန်ကျကြောင်း၊ လက်ရှိအချိန်တွင် မောက်ရွာ၌ ထောပတ်ပဲသီးနှံများ စိုက်ပျိုးပြီးဖြစ်ကြောင်း ထောပတ်ပဲစိုက် တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မကွေး)**



# မြင်းခြံခရိုင်တွင် မိုးကြက်သွန်နီများ စတင်ထွက်ပေါ်

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တွင် မိုးကြက်သွန်နီများကို ၂၀၂၃ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် တူးဖော်လေ့ရှိကြောင်း မြင်းခြံခရိုင်၌ ၂၀၂၂ ခုနှစ်တွင် မိုးကြက်သွန်နီ ၁၆၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်၌ မိုးကြက်သွန်နီ ၁၇၉၄ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ယခင်နှစ်ထက် ၁၆၁ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် မြို့နယ်အလိုက် ကြက်သွန်နီစိုက်ပျိုးမှု၊ ရိတ်သိမ်းပြီးစီးမှုနှင့် အထွက်နှုန်းများအနေဖြင့် မြင်းခြံမြို့နယ်တွင် ၈၃၇ ဧက စိုက်ပျိုးခဲ့ပြီး ဒီဇင်ဘာလ (တတိယပတ်) အထိ ရိတ်သိမ်းပြီးစီးမှုမှာ ဧက ၃၄၀ ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၂၁၀၀ ပိဿာနှုန်းဖြင့် ပိဿာချိန်ပေါင်း ပိဿာ ၇၁၄၀၀၀ ထွက်ရှိခဲ့ကြောင်း၊ တောင်သာမြို့နယ်တွင် ၂၉၅ ဧက စိုက်ပျိုးခဲ့ပြီး ဧက ၁၀၀ ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ပိဿာ ၂၁၀၀ နှုန်းဖြင့် ပိဿာချိန်ပေါင်း ၂၁၀၀၀၀၊ နွားထိုးကြီးမြို့နယ်တွင် ၆၆၂ ဧက စိုက်ပျိုးခဲ့ပြီး ဧက ၂၃၀ ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ပိဿာ ၂၁၀၀ ဖြင့် ပိဿာချိန်ပေါင်း ၄၈၃၀၀၀ ပိဿာ ထွက်ရှိခဲ့ကြောင်းနှင့် ကျန်ရှိသောစိုက်ဧကများကိုလည်း ဆက်လက်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

မြင်းခြံခရိုင်အတွင်းရှိ မိုးကြက်သွန်နီများမှာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ(ဒုတိယပတ်)မှ စတင်၍ ဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (အသေးစ) တစ်ပိဿာလျှင် ငွေကျပ် ၅၀၀-၁၂၀၀၊ (အလတ်စ) တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀-၂၂၀၀ နှင့် (အကြီးစ) တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀-၂၇၀၀ နှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ **DOCA (မန္တလေး)**

## ၁.၁.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၆၅၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၇၅၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၂၉၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၄၆၀ | ၁၄၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၂၆၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၅၅၀ | ၁၄၅၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၅၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၅၀ | ၁၃၅၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၃၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၃၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၁၅၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၄၉၀၀ | ၁၆၀၀၀ | ၅၃၇၀ | ၁၄၀၀၀ | ၄၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၃၀၀ | ၆၅၀၀ | ၆၆၀၀ | ၂၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | ၅၀၀၀ | | ၇၅၀၀ | ၂၅၀၀၀ | ၅၄၀၀ | ၅၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၃၃၀၀၀ | ၃၂၀၀၀ | ၃၂၀၀၀ | |
| ၁၃ | ဟားခါး | ၆၆၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၀၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၇၀၀ | | ၆၅၀၀ | ၁၂၀၀၀ | ၅၆၅၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၂၀၀ | | ၅၂၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၇၃၀၀ | ၇၈၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၁၅၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၄၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၇၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၀၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၁၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၆၃၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၅၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၅၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၂၉၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# နှစ်သစ်မှာ ရောင်းပန်းဝယ်ပန်းတွေ ပွင့်လန်းနိုင်ကြပါစေ ...

ခင်သန်းမြင့်

**၂၀၂၃ ခုနှစ်ကို နောက်ဆုံးနှုတ်ဆက်တဲ့ ဒီဇင်ဘာ ၃၁ ရက်က တနင်္ဂနွေ အားလပ်ရက်လည်းဖြစ်၊ ဝန်ထမ်းတွေ လစာထုတ်ပြီးစလည်းဖြစ်တော့ ရပ်ကွက်ဈေးထဲမှာ ခါတိုင်းထက် စည်ကားလိုက်တာဖြစ်ခြင်း။**

ကုန်ဈေးနှုန်းကတော့ ပန်းပန်လျက်ပါပဲ။ ဆိတ်သားက တစ်ပိဿာ ကျပ်သုံးသောင်း၊ ဝက်သားက တစ်ပိဿာ ကျပ်နှစ်သောင်း၊ ဆိတ်နံရိုးက ကျပ်တစ်သောင်းခွဲ၊ ဒါပေမယ့် နှစ်ဟောင်းကို နှုတ်ဆက်ပြီး နှစ်သစ်ကို ပျော်ရွှင်စွာ ကြိုဆိုကြမယ့် အဖွဲ့တွေများနေလို့ သားငါးတန်းက တိုးမပေါက်ဘူး။ တီလားဗီးယားငါးတွေ၊ ဆိတ်သား၊ ဝက်သားသည်တွေလည်း လက်မလည်ရှာကြဘူး။

**တစ်ခေတ်တစ်ခါက နာမည်ကျော် စာရေးဆရာကြီး အသုံးအနှုန်းလေးကို အမှတ်ရမိ**

ဆိတ်သားသည်ကြီးက ဆိတ်သားတွေ၊ ဆိတ်နံရိုးတွေကို စဉ်းတီတုံးပေါ် တဒုန်းဒုန်းခုတ်ထစ်လိုက်၊ "ကင်မှာလား၊ ချက်မှာလား" လို့ မေးလိုက်နဲ့ လက်ရောပါးစပ်ရောမအားရှာဘူး။ ရှေ့ကနှစ်ပိဿာ၊ သုံးပိဿာ ပိဿာလိုက် သောင်းနဲ့ချီဝယ်နေကြသူတွေကိုစောင့်ရင်း တစ်ခေတ်တစ်ခါက နာမည်ကျော် စာရေးဆရာကြီး သော်တာဆွေရဲ့မီးဖိုချောင် နိုင်ငံရေးဆိုတဲ့ အသုံးအနှုန်းလေးကို အမှတ်ရမိတယ်။ ဆရာကြီးက ကျွန်မတို့လို အိမ်ရှင်မတွေ စဉ်းတီတုံးပေါ်မှာ သားငါးတွေ တဒုန်းဒုန်းခုတ်ထစ်နေရင် တိုင်းပြည်စည်ပင် သာယာဝပြောတာပဲလို့ ရေးခဲ့ဖူးတယ်။

ဟုတ်ပါတယ်။ အိမ်ရှင်မတွေ ပျော်ပျော်ပါးပါး စဉ်းတီတုံးပေါ်မှာ သားငါးတွေ တဒုန်းဒုန်း ခုတ်ထစ်နေနိုင်ဖို့ဆိုတာကလည်း အိမ်ထောင်ဦးစီးတွေ၊ အခြေခံလူတန်းစားတွေ၊ လူလတ်တန်းစားတွေ ဝင်ငွေတိုးတက်မှဖြစ်မှာပါ။ မိသားစုတစ်စုမှာ ဝင်ငွေထက် ထွက်ငွေက ပိုများနေရင်တော့ ကျပ်တည်းမှာပေါ့။ နိုင်ငံတစ်နိုင်ငံအနေနဲ့ဆိုလည်း ဝင်ငွေထက် ထွက်ငွေကပိုများနေရင် ပို့ကုန်ထက် သွင်းကုန်က ပိုများနေရင် ရုန်းကန်နေရဦးမှာပါပဲ။

**ပြည်ပပို့ကုန်တွေ ပိုမိုတင်ပို့ရောင်းချနိုင်အောင် တက်ညီလက်ညီကြိုးစား**

ဒါကြောင့်မို့ မိသားစုဝင်ငွေ တိုးတက်စေဖို့ မိသားစုအလိုက်ပိုပြီး ကြိုးစားရှာဖွေကြရမှာဖြစ်သလို နိုင်ငံ့ဝင်ငွေ ပိုမိုတိုးတက်ရရှိလာစေဖို့ဆိုလည်း ပို့ကုန်နှစ်ဆ တိုးမြှင့်ကြဆိုတဲ့အတိုင်း ပြည်ပပို့ကုန်တွေ ပိုမိုတင်ပို့ ရောင်းချနိုင်အောင် အားလုံးတက်ညီလက်ညီကြိုးစားကြရမှာဖြစ်ပါတယ်။

ယခုလတ်တလောမှာပဲ အိန္ဒိယက ပဲလိုအပ်ချက်ကြောင့် မြန်မာ့မတ်ပဲနဲ့ ပဲစင်းငုံတန်ချိန် သန်းနဲ့ချီပြီး ဝယ်ယူဖို့စီစဉ်နေတယ်လို့ သိရတယ်။ အိန္ဒိယနိုင်ငံမှာ မတ်ပဲဈေးနှုန်းက အရင်ထက် ၁၈၊ ၁၉ ရာခိုင်နှုန်း၊ ပဲစင်းငုံက ၄၀ ရာခိုင်နှုန်းလောက်အထိ ဈေးတက်နေတဲ့အပြင် စိုက်ဧကနည်းတာနဲ့ အထွက်နှုန်းလျော့နေတာကြောင့် အိန္ဒိယပြည်တွင်းမှာ စားသုံးမှုဖူလုံစေဖို့နဲ့ ဈေးတက်နေတာကို ထိန်းချုပ်နိုင်ဖို့အတွက် မြန်မာ့မတ်ပဲ တန်ချိန်တစ်သန်းနဲ့ ပဲစင်းငုံ တန်ချိန် လေးသိန်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီနဲ့ဖေဖော်ဝါရီအတွင်း တင်သွင်းဖို့ စီစဉ်နေတယ်လို့ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းရဲ့ ထုတ်ပြန်ချက်အရ သိရတယ်။ အိန္ဒိယနိုင်ငံရဲ့ ကမ်းလှမ်းမှုအပေါ် ပြည့်မီအောင် တင်ပို့နိုင်ဖို့အသင်းက အတတ်နိုင်ဆုံးပြင်ဆင် ဆောင်ရွက်သွားမယ်လို့လည်းဆိုတယ်။

**အိန္ဒိယနိုင်ငံကို ပဲစင်းငုံတန်ချိန် နှစ်သိန်းအထိ တင်ပို့နိုင်ခဲ့**

၂၀၂၂ ခုနှစ် နှစ်နိုင်ငံ နားလည်မှုသဘောတူစာချုပ်အရ အိန္ဒိယနိုင်ငံဟာ မြန်မာ့မတ်ပဲတန်ချိန် နှစ်သိန်းခွဲနဲ့ ပဲစင်းငုံတန်ချိန်တစ်သိန်းကို နှစ်စဉ်ဝယ်ယူလျက်ရှိရာကနေ အခုနှစ်မှာတော့ ထပ်မံတိုးမြှင့်ဝယ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ လေးနှစ်ကစပြီး ပြည်ပနိုင်ငံတွေကို မတ်ပဲတန်ချိန် ခုနစ်သိန်းခန့်အထိ တင်ပို့နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံကိုတော့ ၂၀၂၂ ခုနှစ်နဲ့ ၂၀၂၃ ခုနှစ်တွေမှာ ပဲစင်းငုံတန်ချိန် နှစ်သိန်းအထိ တင်ပို့နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် အိန္ဒိယနိုင်ငံ ကုမ္ပဏီတစ်ခုက မြန်မာ့ထောပတ်သီးတွေ ဝယ်ယူဖို့ ကမ်းလှမ်းလာတဲ့အတွက် စရိတ်သက်သာမယ့်ရေလမ်းခရီးက တင်ပို့နိုင်အောင် ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ မိတ်ဖက်အဖွဲ့အစည်းတွေက ကြိုးပမ်းနေတယ်လို့ဆိုတယ်။

- ❖ **အခုလတ်တလော မြန်မာ့ထွက်ကုန်တွေ ကမ္ဘာ့ဈေးကွက်မှာ မျက်နှာပန်းလှနေတယ်လို့ဆိုရမယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်ကနေ ၂၅ ရက်အထိ တရုတ်နိုင်ငံ Shenzhen မြို့မှာကျင်းပခဲ့တဲ့ ကမ္ဘာလုံးဆိုင်ရာအကြီးဆုံး လက်ဖက်ပြပွဲတွေက တစ်ခုဖြစ်တဲ့ Global Tea Fair Shenzhen (Autumn) - 2023 ပြပွဲမှာ မြန်မာနိုင်ငံက လက်ဖက်ခြောက်ထုတ်ကုန်တစ်ခုဖြစ်တဲ့ TGT Tea Co., Ltd က အထူးရွှေတံဆိပ်တစ်ခုရရှိခဲ့**
- ❖ **ကျွန်မတို့မြန်မာတွေ နံနက်တိုင်းစားနေကျ မုန့်ဟင်းခါးကလည်း နိုင်ငံတကာအဆင့်ကို တက်လှမ်းဖို့ ဟန်ပြင်နေပြီ။ အပြည်ပြည်ဆိုင်ရာ Belt & Road အဖွဲ့အစည်းရဲ့ ဆုံးဖြတ်ချက်အရ မြန်မာ့ရိုးရာအစားအစာ မုန့်ဟင်းခါးကို အပြည်ပြည်ဆိုင်ရာ Belt & Road အစားအစာအဖြစ်ဂုဏ်ပြု သတ်မှတ်**



ဓာတ်ပုံ - တင်ထွန်းဦး (မြန်/ဆက်)

အလားတူ တရုတ်နိုင်ငံကိုလည်း မြန်မာ့ထောပတ်သီးတွေ တရားဝင်တင်ပို့နိုင်ဖို့ ကြိုးစားနေတယ်လို့ သိရတယ်။

**ပြောင်းသီးနှံဟာ နိုင်ငံခြားဝင်ငွေ ဒုတိယအများဆုံးရရှိတဲ့ ကုန်စည်ဖြစ်**

ထို့အတူ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှာ ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုး ပြောင်းတန်ချိန် ၄၄၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့တယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရ သိရတယ်။ ပြောင်းသီးနှံဟာ ပြည်ပတင်ပို့တဲ့ မြန်မာ့ထွက်ကုန်များအနက် နိုင်ငံခြားဝင်ငွေ ဒုတိယအများဆုံးရရှိတဲ့ ကုန်စည်ဖြစ်တယ်လို့လည်းဆိုတယ်။

ဒါကြောင့်ထင်ပါရဲ့။ မနက်ကဈေးထဲမှာ ပြောင်းဖူးအစိမ်းတစ်ဖူး ကျပ်လေးရာတဲ့။ ကိစ္စမရှိပါဘူး၊ နိုင်ငံခြားဝင်ငွေရရှိမယ့် မြန်မာ့ထွက်ကုန်တွေ ကျွန်မတို့ မစားရလည်း ဘာမှမဖြစ်ပါဘူး။ နိုင်ငံတော်က ဝင်ငွေရမှာ ကျွန်မတို့ပြည်သူတွေလိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို ပိုပြီးတည်ဆောက်နိုင်မှာ မဟုတ်လား။

**မြန်မာနိုင်ငံက လက်ဖက်ခြောက်ထုတ်ကုန်တစ်ခု အထူးရွှေတံဆိပ်တစ်ခုရရှိခဲ့**

အခုလတ်တလော မြန်မာ့ထွက်ကုန်တွေ ကမ္ဘာ့ဈေးကွက်မှာ မျက်နှာပန်းလှနေတယ်လို့ ဆိုရမယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်ကနေ ၂၅ ရက် အထိ တရုတ်နိုင်ငံ Shenzhen မြို့မှာကျင်းပခဲ့တဲ့ ကမ္ဘာလုံးဆိုင်ရာအကြီးဆုံး လက်ဖက်ပြပွဲတွေက တစ်ခုဖြစ်တဲ့ Global Tea Fair Shenzhen (Autumn)–2023 ပြပွဲမှာ မြန်မာနိုင်ငံက လက်ဖက်ခြောက်ထုတ်ကုန်တစ်ခုဖြစ်တဲ့ TGT Tea Co., Ltd က အထူးရွှေတံဆိပ်တစ်ခု ရရှိခဲ့တယ်လို့ သိရတယ်။

ဒီပြပွဲမှာ နိုင်ငံတကာ ပြခန်းပေါင်း ၄၇၀၀ ကျော် ပါဝင်ပြသခဲ့ကြရာမှာ မြန်မာနိုင်ငံက မြန်မာ့လက်ဖက်ယဉ်ကျေးမှုကို ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ပြီး မြန်မာ့လက်ဖက်အသင်းအကူအညီနဲ့ မြန်မာကိုယ်စားပြုပြခန်း ခုနစ်ခန်း ပါဝင်ခင်းကျင်းပြသခဲ့တယ်လို့ဆိုတယ်။ TGT Tea ရဲ့ Jade Leaf ဟာ ယခုနှစ်နဲ့ဆိုရင် သုံးကြိမ်မြောက် ရွှေတံဆိပ်ဆုရရှိခဲ့ခြင်းဖြစ်ပြီး ယခုအထူး ရွှေတံဆိပ်ဆုက ကြယ်ငါးပွင့်နဲ့ညီမျှတဲ့ ဆုလို့သိရတယ်။

**မြန်မာ့ရိုးရာအစားအစာ မုန့်ဟင်းခါးကို အပြည်ပြည်ဆိုင်ရာအစားအစာအဖြစ်ဂုဏ်ပြု**

ကျွန်မတို့မြန်မာတွေ နံနက်တိုင်းစားနေကျ မုန့်ဟင်းခါးကလည်း နိုင်ငံတကာအဆင့်ကို တက်လှမ်းဖို့ ဟန်ပြင်နေပြီ။ အပြည်ပြည်ဆိုင်ရာ Belt & Road အဖွဲ့အစည်းရဲ့ ဆုံးဖြတ်ချက်အရ မြန်မာ့ရိုးရာအစားအစာ မုန့်ဟင်းခါးကို အပြည်ပြည်ဆိုင်ရာ Belt & Road အစားအစာအဖြစ် ဂုဏ်ပြုသတ်မှတ်လိုက်တယ်လို့ သိရတယ်။

ဂုဏ်ပြုလွှာကိုလည်း အပြည်ပြည်ဆိုင်ရာ Belt & Road ဥက္ကဋ္ဌ Mr. Chen Entian က မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်း အတွင်းရေးမှူး ဦးသန်းထွန်းစိုးထံ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က ရန်ကုန်မြို့ Wyndham Hotel မှာ ပေးအပ်ခဲ့ပါတယ်။

**ထိုင်းနိုင်ငံက ဆုန်ခရန်သင်္ကြန်ပွဲတော်တောင် ယူနက်စကိုရဲ့ကမ္ဘာ့အမွေအနှစ်စာရင်းဝင်**

မြန်မာ့ရိုးရာ အစားအစာ မုန့်ဟင်းခါးတို့၊ လက်ဖက်တို့၊ မြန်မာ့ထွက်ကုန် ကော်ဖီတို့ကို နိုင်ငံတကာက အသိအမှတ်ပြုလာအောင် စွမ်းဆောင်ပေးတဲ့ အသင်းအဖွဲ့တွေကိုလည်း ကျွန်မတို့ကျေးဇူးတင်ကြရမှာပါ။ ဒီလိုမှမလုပ်ရင် ကျွန်မတို့နောက်ကျကျန်ရစ်နေဦးမှာ။ လတ်တလောမှာ ထိုင်းနိုင်ငံက ဆုန်ခရန်သင်္ကြန်ပွဲတော်တောင် ယူနက်စကိုရဲ့ကမ္ဘာ့အမွေအနှစ် စာရင်းဝင်သွားပြီ မဟုတ်လား။

ဒီနေ့တော့ ကျွန်မလည်း ဆိတ်နံရိုး ငါးထောင်ဖိုးဝယ်ခဲ့တယ်။ ပဲနဲ့ရောချက်ရင် မိသားစု ညမနက်စားလောက်တာပေါ့။ နှစ်သစ်မှာ ဘုရားကို ပန်းကပ်လှူပူဇော်ဖို့အတွက်လည်း ဘုရားပန်းဝယ်ရသေးတယ်။ သပြေတစ်ငုပ် ကျပ်တစ်ထောင်နဲ့ ဂန္ဓမာတစ်စည်း ကျပ်သုံးထောင်ပေးဝယ်ခဲ့တယ်။ အသီးအရွက်ကတော့ ကြက်ဟင်းခါးသီး ဝယ်ခဲ့တယ်။ တစ်လုံးကို ကျပ်ငါးရာတဲ့။ ကျွန်မက "ဒီဈေးမှာ ကြက်ဟင်းခါးသီးက အပေါဆုံးပါလား" လို့ဆိုတော့ ဈေးသည်လေးက ရယ်ပါလေရော။

ဘာပဲပြောပြော ဈေးထဲမှာ ရောင်းသူဝယ်သူတွေတရုန်းရုန်းနဲ့ ဝယ်ကြ ခြမ်းကြ၊ ရောင်းဝယ်ဖောက်ကား စည်ကားနေကြတာ မြင်ရတော့ ကုန်ဈေးနှုန်းကိုမေ့ပြီး စိတ်ထဲမှာ ပျော်သလိုလိုဖြစ်လာတယ်။

လာမယ့် နှစ်သစ်မှာ ပြည်သူတွေဝင်ငွေတိုးတက်ပြီး ရောင်းပန်းဝယ်ပန်းတွေ ယခုထက် ပိုမိုပွင့်လန်းလာကြစေဖို့၊ အစစအရာရာ အဆင်ပြေကြစေဖို့အပြင် မြန်မာပြည်ကြီးလည်း ငြိမ်းချမ်းသာယာဝပြောပြီး မြန်မာ့ထွက်ကုန်ပစ္စည်းတွေ ကမ္ဘာ့ဈေးကွက်မှာ ယခုထက်ပိုပြီး မျက်နှာပန်းလှလှနဲ့ တွင်တွင်ကျယ်ကျယ် ရောင်းချနိုင်စေဖို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ



နေပြည်တော် ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ် (မက်သ်အဖက်တမင်း) များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တာဟန်းရပ်ကွက် ဒိုးဝိုင်းချောင်း အနီးတွင် သိန်းဇော် မောင်းနှင်ပြီး မန့်ရှင်းတွောင် လိုက်ပါလာသည့် LIFAN အမျိုးအစား သုံးဘီးဆိုင်ကယ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၃ ဒသမ ၇၅ ကီလို၊ အိုက်စ် (မက်သ်အဖက်တမင်း) ၂၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းပြည်နယ် တီးတိန်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ



နေပြည်တော် ဇန်နဝါရီ ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၁ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သိမ်ဆိပ်မြို့နယ် ရဲစခန်းအနီး၌ သထုံမြို့မှ ဘီးလင်းမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်ဆီ တစ်လီတာပါ ၁၁၆၄ ဘူး၊ နှစ်လီတာပါ ဘူး ၁၂၀၀၊ ငါးလီတာပါ ဘူး ၄၀၀ အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၅၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၂၁၉ တန်၊ သစ်မာ ၀ ဒသမ ၅၃၇ တန်နှင့် အခြားသစ် ၂၃ ဒသမ ၁၁၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၄၉၅၄) ကို လည်းကောင်း၊ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၃၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၁၉၁၂) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၆၈၆၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၃၁ ရက်နှင့် ဇန်နဝါရီ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၃) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၀၆၈၆၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်)မှ သင်တန်းသားများ လေ့လာရေးခရီး သွားရောက်

ပုသိမ် ဇန်နဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (ပုသိမ်) မှ သင်တန်းသား ၉၀၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိကြီးကြပ်သူများ ၂၅ ဦး စုစုပေါင်း ၁၁၅ ဦးတို့သည် ပန်းတနော်မြို့နယ် Global Earth Agro & Aqua Industry Public Company Limited သို့ သွားရောက်လေ့လာသည်။

အဆိုပါ လေ့လာရေးခရီးစဉ်တွင် ကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက ကုမ္ပဏီ၏ ရည်မှန်းချက်များ၊ ပါဝင်သည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်း၏ အကျိုးကျေးဇူးများကို Power Point ဖြင့် ရှင်းလင်းပြောကြားပြီး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို လေ့လာသူများအား ရှင်းလင်း ပြသသည်။



ထို့နောက် သင်တန်းကျောင်း ကျောင်းအုပ်ကြီးက ကုမ္ပဏီဥက္ကဋ္ဌ ထံသို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များတင်သွင်းရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ်အားသွင်းစက် (60 KW, EV Charger) များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၁

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mg MinNyo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ သိန်းသန်းထွန်း (ခ) မင်းညိုအား ည ၇ နာရီ မိနစ် ၂၀ တွင် သုဝဏ္ဏနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာလည်း ဝါကျအချင်းချင်းကိုဖြစ်စေ၊ ပုဒ်အချင်းချင်းကိုဖြစ်စေ၊ အဓိပ္ပာယ်အချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးတဲ့ Conjunctions တွေအကြောင်း ဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Why should we hire you? – IV" မင်းကိုဘာကြောင့် အလုပ်ခန့်သင့်လဲဆိုတဲ့အကြောင်း ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာ ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံ (Idiom) စကားလုံးအသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**Conjunctions (စကားဆက်)**

**Conjunctions** တွေဟာ စကားလုံးတွေကိုဖြစ်စေ၊ စကားစုတွေကို ဖြစ်စေ၊ ဝါကျပိုင်းတွေကို ဖြစ်စေ၊ ပုဒ်အချင်းချင်းကိုဖြစ်စေ၊ အဓိပ္ပာယ် အချင်းချင်းကိုဖြစ်စေ၊ ဝါကျအချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးတဲ့ နေရာမှာသုံးတဲ့ စကားလုံးတွေပဲဖြစ်ပါတယ်။ စကားဆက်များဟာ များသောအားဖြင့် ဝါကျတိုနှစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းထက် ပိုတဲ့ဝါကျတွေကို တစ်ကြောင်းတည်းပေါင်းပြီး ပိုပြီးအဓိပ္ပာယ်ပြည့်စုံအောင် ဆက်ပေးတဲ့စကားလုံးတွေပဲဖြစ်ပါတယ်။ အရင်အပတ်က **Subordinating Conjunctions** တွေအကြောင်း ရေးသားဖော်ပြနေတာဖြစ်ပါတယ်။ ဒီတစ်ပတ်ရဲ့ **Grammar** အပိုင်းမှာလည်း အရင်အပတ်က ဖော်ပြခဲ့တဲ့ **Subordinating Conjunctions** တွေအကြောင်း ဆက်လက်ရေးသား ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**2. Those denoting causes and reasons (အကြောင်းတရား သို့မဟုတ် အကြောင်းပြစကားဆက်များ)**

The following conjunctions are commonly used to connect causes/reasons. Because, as, since and lest are very similar in meaning.

(အောက်မှာဖော်ပြပေးမယ့်စကားဆက်တွေကို အကြောင်းတရား သို့မဟုတ် အကြောင်းပြချက်တွေကို ဖော်ပြတဲ့နေရာမှာ သုံးနိုင်ပါတယ်။)

For example: as, since because, lest, for, etc.

- **As** our local shop has closed, I have to go (to) a supermarket two miles away to get my groceries.
- Sherri caught her hair on fire **as** she blew out the candles atop her birthday cake.
- I don't want to go to the movies **because** I hate the smell of popcorn.
- **Because** breathing is something we do automatically, we rarely think about it.
- **Since** everything can be done from home with computers and telephones, there's no need to dress up for work anymore.
- They were afraid to complain about the noise **lest** they annoyed the neighbours.
- She put on a sweater, **for** it was cold outside.

**3. Those denoting purpose (ရည်ရွယ်ချက်ပြစကားဆက်များ)**

These conjunctions are used to express purposes in a sentence.

(ရည်ရွယ်ချက်ကို ဖော်ပြလိုတဲ့အခါမှာ အောက်မှာဖော်ပြထားတဲ့ စကားဆက်တွေကို သုံးနိုင်ပါတယ်။)

For example: that, so that, in order that, in case (negative purpose) etc.

- She woke up early **so that** she wouldn't miss the train.
- They built a fence **so that** the dogs couldn't get in.
- She said **that** she would not go.
- We eat **that** we may live.
- They took a lot of photos **in order that** they would have a record of the important day.
- I remind him **in case** he forgets.
- They took an umbrella **in case** it rained.

Note (In order that နဲ့ so that အသုံးတူပါတယ်။ In order that နဲ့စတဲ့ clause ကိုဝါကျရှေ့ပိုင်းမှာလည်း ထားရေးနိုင်ပါတယ်။)

**4. Those denoting result or consequence (အကျိုးရလဒ် သို့မဟုတ် အကျိုးဆက်ပြစကားဆက်များ)**

These conjunctions are used in reference to result or consequences.

(ဒီစကားဆက်တွေကို အကျိုးရလဒ် သို့မဟုတ် အကျိုးဆက်ကို ဖော်ပြတဲ့နေရာမှာ သုံးနိုင်ပါတယ်။)

For example: such … that / so … that /

- She is **such** a nasty girl **that** you can't rely on her.
- The coffee is **so** hot **that** I can't drink it.
- He spoke in **such** a loud voice **that** everyone could hear him well.
- You lie **so** often **that** nobody trusts you.
- He worked **so** quickly **that** he made many mistakes.

**5. Those denoting condition (အခြေအနေပြစကားဆက်များ)**

These conjunctions describe the condition that needs to be met for something to happen.

(အခြေအနေပေါ်မူတည်ပြီး တစ်ခုခုဖြစ်လာနိုင်တဲ့အပေါ် ပြောဆိုရေးသားတဲ့နေရာမှာသုံးတဲ့ စကားဆက်တွေဖြစ်ပါတယ်။)

For example: If, unless, whether, if only, only if, even if, on the condition that, provided, providing, unless, etc.


- We will give you the money, **providing** you can pay it back within six months.
- **Unless** you've purchased tickets, you won't be able to attend the show.
- I will go to the prom with you, **provided** you apologize.
- You will get the job, **on the condition that** you will work every other Saturday.
- We will perform a few songs, **only if** the profits go to charity.
- **If only** I'd practiced longer, I would have made the shot.
- He spent all his paycheck on clothes, **whether** that was smart or not.
- We will beat you **if** you do not tell the truth.

## VOCABULARY (IDIOM)

1. **to live from hand to mouth** (ရရစားစားဖြစ်သည်။ လက်လုပ်လက်စားနေရသည်။)
   My father earned very little and there were four kids, so we ***lived from hand to mouth.***
2. **to lend a hand** (ကူညီသည်။)
   I went over to see if I could ***lend a hand***.
3. **hard and fast rule** (တရားသေစည်းကမ်း။ မပြောင်းလဲနိုင်သော ဥပဒေ)
   There are no ***hard and fast rules*** about this.
4. **hard of hearing** (နားထိုင်းသော၊ နားလေးသော)
   You'll have to speak distinctly; Dad's a little ***hard of hearing***.
5. **to pass the hat round** (အလှူငွေကောက်ခံသည်။)
   They're ***passing the hat around*** the company to get money for charity.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "why should we hire you?—IV"

ဒီတစ်ပတ်မှာတော့ **"Why should we hire you?"** မင်းကို ဘာကြောင့်အလုပ်ခန့်သင့်လဲဆိုတဲ့ အကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို **Shortest way to talk about "Why should we hire you? – IV"** ဆိုပြီးဖော်ပြလိုက်ပါတယ်။

**Conversation**

**Marcus's at his new office**

**Marcus:** Hello! I'm Marcus Brown. **I was hired as part of the finance team.**

**Danielle:** Welcome, Marcus! **We are so glad to have you working on our team!** I'm Danielle. I'll be training you for the next few days. Did you find us okay?

**Marcus:** Yes, I did. I came by car. But it was a bit of a problem parking the car on the street.

**Danielle:** You should park your car in the office's car park. The entrance is at the back of the building.

**Marcus:** I'll know next time.

**Danielle:** Let me show you to your desk. Here you go. This is where you will be working.

**Marcus:** Looks nice!

**Danielle:** And this guy right next to your is Drew. He is the financial controller of our team. **Drew, this is Marcus. He's joining our team.**

**Drew:** **Welcome, Marcus! We're glad to have you.**

**Marcus:** Thanks. **Pleased to meet you.** I'm excited to be here.

**Danielle:** **I'll take you now on a quick tour of the office.**

**Marcus:** Sounds good to me.

**Language Focus**

1. <u>I was hired as part of the finance team.</u>

ကျွန်တော့်ကို အလုပ်ခန့်ခဲ့တယ်။ ငှားခဲ့တယ်လို့ ပြောရင် I was hired ဆိုပြီး ပြောနိုင်ပါတယ်။ အဲဒီမှာ ဘာအဖြစ် ငှားခဲ့တာလဲ။ ဘာအဖြစ်ခန့်ခဲ့တာလဲဆိုပြီး ပြောရင် as … ဘာအဖြစ်ဆိုပြီး ပြောနိုင်ပါတယ်။ ဥပမာ –

- I was hired as part of the finance team.
- I was hired as a manager.
- I was hired as a technician.

2. <u>We are so glad</u>

အရမ်းဝမ်းသာတယ်ဆိုပြီးပြောရင်တော့ We are so glad ဆိုပြီးပြောပါတယ်။ အကြောင်းအရာတစ်ခုခု အတွက် ဝမ်းသာတဲ့နေရာမှာ သုံးလေ့ရှိပါတယ်။ ဥပမာ–

- We are so glad to meet you here.
- We are so glad to have you working on our team.

3. <u>Pleased to meet you.</u>

တွေ့ရတာဝမ်းသာပါတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဥပမာ တစ်ယောက်ယောက်က ကိုယ့်ကို တခြား တစ်ယောက်ယောက်နဲ့ မိတ်ဆက်ပေးလိုက်ပြီး နောက်မှာ သူ့ကို သို့မဟုတ် ကိုယ့်ကို သူ့အနေနဲ့ တွေ့ရတာ ဝမ်းသာပါတယ်ဆိုတဲ့ သဘောမျိုးနဲ့ ပြောတဲ့ပုံစံပါပဲ။ ဥပမာ –

- **Zaw Zaw:** Hello, Ko Ko. This is Muyar.
- **Ko Ko:** Hi! Muyar. I'm Ko Ko. Pleased to meet you.

4. <u>Drew, this is Marcus.</u>

ဒါကတော့ တခြားသူတစ်ယောက်ကို ကိုယ့်အသိ တစ်ယောက်နဲ့ မိတ်ဆက်ပေးတဲ့အခါမှာ သုံးလေ့ရှိတဲ့ စကားပြောပုံစံတစ်မျိုးပါပဲ။ ဥပမာ–

- **Danielle:** Drew, this is Marcus. He's joining our team.
  **Drew:** Welcome, Marcus! We're glad to have you.

5. <u>a quick tour</u>

ဒီမှာကတော့ မြန်မြန်လေးလှည့်ပတ်ပြတဲ့နေရာမှာ သုံးတာပါ။ a quick ဆိုတဲ့ သဘောကတော့ မြန်မြန် လေးဆိုတဲ့သဘောကို ပြောတာဖြစ်ပါတယ်။ ဥပမာ–

- Have a quick cup of coffee.
- I'll take you now on a quick tour of the office.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# အသိပေးကြေညာခြင်း

၂၀၂၄ ခုနှစ်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပွဲတော် အား ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် ညနေ (၁၈၀၀)နာရီမှ စတင်၍ ည (၂၂၀၀)နာရီအချိန်ထိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါပွဲတော်တွင် နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ DJ များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ်တေးသံရှင်များစွာဖြင့် ဖျော်ဖြေတင်ဆက်ပြီး မီးရှူး၊ မီးပန်း ပစ်ဖောက်ခြင်းများ အပါအဝင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။


**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**





## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၈)၊ ပဲခူးမြစ်လမ်း၊ မြေကွက်အမှတ် (၆၇၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ) ရှိ ဦးတင်ထွန်းဦး (၁၃/တကန (နိုင်) ၁၂၅၉၉၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးတင်ထွန်းဦး ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၁၅၈/၂၀၂၃)အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ထွေး (၁၀/ကမရ (နိုင်) ဝ၁၆၈၅၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူ ရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁** – မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ထာဝရစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် လွတ်လပ်ရေး"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပညာဖြင့်တည်ဆောက်ကြရာဝယ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ နွယ်သာကီလမ်း၊ တိုက်အမှတ်(၁၄၁)၊ ဒုတိယထပ်(၃-လွှာ)(ခေါင်းရင်းခြမ်း)တိုက် ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးမင်းဆွေ ၈/ထလန(နိုင်) ၀၀၀၅၂၃ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာအေး ၁၁/မပန(နိုင်) ၁၀၇၉၆၈က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L) | ဒေါ်ခင်စောသိန်း(LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆) |

တိုက်(၁၀/၁၂)၊ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊
ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီဆွေ၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၄၀ ကျပ် | ၂၄၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၅၀ ကျပ် | ၂၆၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၅၅ ကျပ် | ၂၇၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း
ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၃၄ | ၂၉၅၈၀၀ |
| MTSH | ၂၈၅၀ | ၂၈၀၀ | ၇၁၇ | ၂၀၂၃၄၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၄ | ၃၂၀၀၀ |
| FPB | ၁၆၀၀ | ၁၅၅၀ | ၅၉၀ | ၉၂၂၀၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၂ | ၅၀၀၀ |
| EFR | ၁၉၅၀ | ၁၉၅၀ | ၆၂၅ | ၁၂၃၅၀၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၃၇ | ၁၇၃၉၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၆၀၇၅ | ၁၀၃၃၀၂၅၀ |

ညီညီ - စုစည်းသည်

# မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း

## အများသိစေရန်ကြေညာချက်(၁/၂၀၂၃)

၁။ (၂၂-၁၂-၂၀၂၃)နေ့တွင်ကျင်းပပြုလုပ်ခဲ့သောလက်ရှိအလုပ်အမှုဆောင်အဖွဲ့၏အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၃)၏အဓိကရည်ရွယ်ချက်ဖြစ်သည့်အားလုံးပါဝင်သောစည်းလုံးညီညွတ်သည့်(All Inclusive Reunion Association)အဖြစ် ဖြစ်ပေါ်လာစေရေးအတွက် အသင်းနှင့်ကင်းကွာနေသောကုမ္ပဏီများ၊ အသင်းဝင်ပုဂ္ဂိုလ်များအား မိမိတို့ဆန္ဒရှိသည့် အခန်းကဏ္ဍအသီးသီးမှ ပြန်လည်ပူးပေါင်းပါဝင်နိုင်ရေး သင့်တော်ကောင်းမွန်သောအစီအစဉ်တစ်ရပ် ဆောင်ရွက်ရန် ခိုင်ခိုင်မာမာဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့ပါသည်။

၂။ ၂၀၂၄ခုနှစ်၊ ဖွန်လအတွင်း သင်းလုံးကျွတ်အစည်းအဝေးကြီးနှင့်အတူအတည်ပြုထားပြီးသောဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့်အညီ အားလုံးပါဝင်နိုင်သောပွင့်လင်းမြင်သာသည့်အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ရေး စီစဉ်ကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ သို့ပါ၍အကြောင်းအမျိုးမျိုးကြောင့် အသင်းနှင့်ကင်းကွာနေသောအသင်းဝင်အမှတ်ရှိသူ အသင်းသားအားလုံး မည်သူမဆို ကင်းကွာခဲ့သောကာလနှစ်စဉ်ကြေးများကို(၃၁-၃-၂၀၂၄)နောက်ဆုံးထား၍ ပြန်လည်ပေးသွင်းပြီး အသင်းထံ ဆက်သွယ်ဆောင်ရွက်ပေးကြပါရန် ဤကြေညာချက်ဖြင့် လေးစားစွာအသိပေးဖိတ်ခေါ်အကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန် – ၀၉၂၅၄၃၁၄၇၀၉၊ ၀၉၇၉၀၉၅၄၃၇၈၊ ၀၉၂၅၀၀၁၃၉၄၄

အလုပ်အမှုဆောင်အဖွဲ့



## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/5861 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/5861, Jincheng-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်မင်း ၁/မညန(နိုင်)၁၁၆၆၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထား များ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်1D/9930 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ် ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/97707, Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူလှိုင် ၉/မတရ(နိုင်) ၁၉၈၇၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား များ ဖြ င့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့


## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံး
၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁၈

ဒေါ်အုန်းကြည် နှင့် ဦးမျိုးမြင့်အောင်
တရားလို တရားပြိုင်

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ ၁၁၃လမ်း+၅၅လမ်း၊ ထွန်းတုံးရပ်ကွက်နေ ဦးမျိုးမြင့်အောင်(ဘ)ဦးအောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်အုန်းကြည် က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၅)၊ ဦးပိုင်အမှတ်(၆၂)၊ ဧရိယာ (၀ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ် စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် (၁၃၈၅ခုနှစ်၊ ပြာသိုလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေး ရက်ကတင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

(မဂျီဂျာဆိုင်းပန်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ချမ်းမြသာစည်မြို့နယ်တရားရုံး


## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(၁၁/တံတားဦးအရှေ့ရပ်)၊ ဦးပိုင်အမှတ်(၂၃-ခ)၊ မြေဧရိယာ(၀ဒသမ၀၉၁)ကေရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးလီယူရှင်း ၁၃/တယန(နိုင်)၀၁၇၀၂၇မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရတနာပုံမြို့သစ်(မြောက်ပိုင်း)၊ မြေကွက်အမှတ်(V-2(7) )၊ ကွင်း/ အကွက်အမှတ်(ရတနာပုံမြောက်ပိုင်းအိမ်ရာ)၊ ဦးပိုင်အမှတ် V-2(7)၊မြေဧရိယာ၀.၃၅၂ ဧကရှိ ဂရန်မြေကွက်အား ဒေါက်တာမျိုးမင်း အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါက်တာ မျိုးမင်း ကွယ်လွန်ခဲ့ပြီးနောက် ၎င်း၏ဇနီးဖြစ်သူ ဒေါ်သင်းသင်းနိုင်ထံမှ ဦးဝင်းလွင်ထွန်း ၉/မမန(နိုင်)၀၈၆၇၈၀ ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော မြေအား ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်းကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြဖြူဖြူမင်း(စဉ်-၄၀၁၉၄)၊ (အထက်တန်းရှေ့နေ)
(LL.B,D.B.L,D.I.L,I.P.Law)
ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉- ၅၀၉၃၃၃၀


## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂၃

ဦးဟန်ချင်းလျံ နှင့် ဦးတင်ဝင်း
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၉)နေ ဦးလှထွန်း၏ သားဖြစ်သူ ဦးတင်ဝင်း ( MMO-290410) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးဟန်ချင်းလျံက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၂၅)၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာ ၀.၀၅၅၁ဧက အကျယ်အဝန်းရှိ ဦးတင်ဝင်း အမည်ပေါက် ဂရန်မြေကွက် ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက် (၁၃၈၅ခုနှစ် ပြာသိုလဆန်း ၁၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေ လွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရဲလင်းအောင်)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

လင်းမြွေချောင်းကျေးရွာအုပ်စု၊ လင်းမြွေချောင်းကျေးရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ ကျွန်တော်ဦးစိုးဝင်း သည် အောက်ဖော်ပြပါ တံဆိပ်အမည်(၂)မျိုး

(၁)ရွှေလင်းထွန်း

(၂)ရွှေလင်းနဒီ

အနက်မှ သင့်လျော်သော အမည်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ ဖြစ်စေ ကန့် ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူ ထောက်ခံချက် ဆက်လက် လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်
ဦးစိုးဝင်း ၉/ အတန(နိုင်)၀၀၄၆၁၁၊ ဖုန်း-၀၉-၄၂၇၄၇၇၃၄၃

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၁၁/ပဒေသာ)(မ-၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၆၊ ၂၇)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ မြေကွက်မှာ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဂရန်အမှုတွဲအမှတ်(၂၃၃/၂၀၁၂-၂၀၁၃)အရ ဒေါ်ခင်ဌေး ၁၂/ မရက(နိုင်)၀၀၁၄၈၄မှ ဂရန်အမည်ပေါက်ပါသည်။အထက်ပါဂရန်အမည် ပေါက်သူပိုင်ဆိုင်ခဲ့သော ဒေါ်ခင်ဌေးထံမှ ဦးပိုင်အမှတ်(၂၇)၊ မြေဧရိယာ(၀ဒသမ၀ ၅၅) ဧကအား ဦးပိုင်ခွဲ၍ ပြင်ဦးလွင်မြို့နယ်စာချုပ်စာတမ်းရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၁၈၇/၂၀၂၂)ဖြင့် ဦးသိန်းသန်းထွန်းမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထို့နောက် ဦးသိန်းသန်းထွန်းထံမှ ဒေါ်ဆုမြတ်စံသည် အရပ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူနေထိုင် ပိုင်ဆိုင်လျက်ရှိသူဖြစ်၍ ၎င်း၌ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် အဆိုပါပိုင်ဆိုင်ထားသောမြေကွက်နှင့် နေအိမ်အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပြီးအပိုင်လက်ရောက်ဝယ်ယူရန် အတွက်ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေးသက်မောင် ၅/မရန(နိုင်) ၁၈၀၇၄၆မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့်ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်ဌေးဌေးသက်မောင် | ဦးထွန်းထွန်းဦး(LL.B,IP Law(WIPO) |
| (ဘ)ဦးသက်မောင် | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၇၀) |
| ၅/မရန(နိုင်) ၁၈၀၇၄၆ | အမှတ်(၁၁၆)၊ ရွှေဘုံသာလမ်း၊ (၂၈)သုမင်္ဂလာရပ်၊ |
| ဒေါနခြံရပ်ကွက်၊ မုံရွာမြို့ | ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့၊ |
| | ဖုန်း-၀၉-၄၄၈၁၉၅၅၀၀ |

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၄)၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ ၀.၀၅၅၁ ဧက အကျယ်အဝန်းရှိသော ဦးသာအေး အမည်ပေါက်ဂရန်မြေကွက်နှင့် ပတ်သက်၍ကျွန်ုပ်တို့၏အမှုသည် ဦးစိုင်းကျော်မင်းအောင် (ဘ)ဦးစိုင်းရီ ၉/ပဥလ(နိုင်) ၀၃၀၈၉၂ အား ဦးသာအေး(ဘ) ဦးညီသွယ် ၉/ပသက(နိုင်) ၀၀၄၅၀၉ က ၁၁-၅-၂၀၁၃ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးသာအေးမှ လက်မှတ်ရေးထိုးရောင်းချခဲ့ရာ ကျွန်ုပ်တို့၏အမှုသည်မှ ရောင်းကြေးငွေ အပြေအကျေပေးချေပြီး မြေကွက်အား တရားဝင်လက်ရောက်ရယူပြီး နေထိုင်လာရာမှ ဂရန်မြေကွက်သက်တမ်းတိုးရန်နှင့် အမည်ပေါက်ပြောင်းရန်လိုအပ်လာပါသဖြင့် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးရန် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကျွန်ုပ်တို့၏အမှုသည်နှင့် ဆက်သွယ်ပြီး ဂရန်မြေကွက် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆိုပေးရန် တောင်းဆိုပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

လွှဲအပ်ချက်အရ

| | |
|---|---|
| ဦးဝေယံဦး(LL.B) | ဦးရှင်းခန့်(LL.B) |
| (အထက်တန်းရှေ့နေ) | (အထက်တန်းရှေ့နေ) |
| (စဉ်-၅၁၇၆၅) | (စဉ်-၅၄၇၁၇) |

Office-အမှတ်(၁၈၉)၊လမ်း ၈၀၊ ၁၉၊ ၂၀ကြား၊ မန္တလေးမြို့
ဖုန်း-၀၉-၉၇၉၇၂၈၈၉၀၊ ၀၉-၉၅၂၀၀၇၅၄၅


## ငြင်းချက်ထုတ်ရန် ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂၁

ဦးစည်သူဖြိုးမောင် နှင့် ဦးတင်ညွန့်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် ဗဗ-၃/၁၀၅ ထွန်းတုံးရပ်ကွက်နေ ဦးတင်ညွန့်(ဘ)ဦးဆက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးစည်သူဖြိုးမောင်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်(၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိ စေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထိုက်ထိုက်ထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ချမ်းမြသာစည်မြို့နယ်တရားရုံး


## ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၁၉၀၊ သီရိမန္တလာကားဝင်းအနီး၊ စိန်ပန်းဆောင်၊ တိုက်ခန်းအမှတ် (၁၃)၊ ဒုတိယထပ်၊ ဦးသန်းဝင်း အမည်ဖြင့်ချထားပေးသော တိုက်ခန်း၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသောကြောင့် တိုက်ခန်းပိုင်ဆိုင်မှုစာအုပ် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တိုက်ခန်းပိုင်ဆိုင်မှုစာအုပ် လျှောက်ထားတင်ပြလာမှုအား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ဖြစ်စေ၊ အောက်ပါလိပ်စာသို့ဖြစ်စေ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးသန်းဝင်း ၉/မနတ(နိုင်)၀၇၀၀၄၆
စိန်ပန်းဆောင်၊ အခန်း(၁၃)
ဒုတိယထပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/44978 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/67014, Honda Scoopyi ယာဉ်လက်ဝယ်ရှိသူ Kaung Latt Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/2959,WIN MANN STAR MPV Micro BUS (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆောင် ၉/မနတ(နိုင်)၀၄၉၃၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7L/9181, ISUZU ELF NPR81 Truck (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်အေး ၁၁/ရစန(နိုင်) ၁၀၁၀၉၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား များ ဖြ င့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၂၂၂၉၂, Honda Scoopy 110ယာဉ်လက်ဝယ်ရှိသူ Bamboo Shade Family Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၅၈)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် ဇန်နဝါရီ လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဆ - ၄၂၈၀၈၈

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

ဂ - ၂၁၀၃၁၀

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

စ - ၈၄၃၃၄၇

ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ဂ - ၂၃၄၄၈၂ ဈ - ၅၇၇၇၅၅

ဃ - ၃၃၈၆၉၉ ဆ - ၉၆၄၃၃၅

ဇ - ၃၉၄၆၇၇

ကံထူးရှင်(၅)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဆ - ၁၇၇၉၅၈ က - ၃၈၂၀၆၂

က - ၃၄၁၃၂၇ က - ၄၇၇၉၁၁

က - ၃၇၆၉၁၀ င - ၉၄၀၉၁၁

ကံထူးရှင်(၆)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ခ - ၃၅၀၅၇၆ စ - ၇၇၄၉၆၉ ဆ - ၈၇၁၄၀၉

ဂ - ၃၈၃၁၅၉ ခ - ၈၀၄၄၂၆ ဆ - ၉၂၁၁၃၉

ဂ - ၄၇၄၄၄၂ ဇ - ၈၅၆၇၁၂ ဇ - ၉၄၃၆၁၄

စ - ၇၃၀၂၁၀

ကံထူးရှင်(၁၀)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

စ - ၁၂၅၁၈၉ ဇ - ၄၅၉၆၂၀

ဆ - ၁၆၅၃၁၉ ဂ - ၆၁၅၆၀၅

ဃ - ၁၈၉၄၈၄ ဈ - ၆၉၀၅၂၅

င - ၁၉၅၅၁၃ ဆ - ၆၉၃၃၈၁

စ - ၂၂၂၀၄၇ ဃ - ၇၅၉၂၂၃

က - ၃၀၈၇၃၉ ဂ - ၉၁၃၈၂၇

ကံထူးရှင်(၁၂)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

င - ၁၀၂၉၄၁ ဂ - ၂၃၄၁၃၈ ဆ - ၃၉၅၂၇၀

ဂ - ၁၁၁၈၈၁ ဃ - ၂၄၆၀၈၇ ဇ - ၅၈၃၃၁၈

င - ၁၄၆၉၈၀ စ - ၂၉၆၁၉၀ ဈ - ၆၉၆၈၂၇

ဈ - ၁၈၄၁၉၇ ဆ - ၃၄၅၅၉၆ က - ၇၁၁၈၉၉

ဈ - ၂၀၄၃၇၁ င - ၃၆၆၇၂၄ ဈ - ၉၄၈၇၅၇

စ - ၂၂၉၁၉၈

ကံထူးရှင်(၁၆)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဇ - ၄၁၉၉၇၅ ဆ - ၆၉၇၆၄၁

ဃ - ၄၆၃၂၈၅ က - ၇၂၇၂၉၅

ဃ - ၄၇၅၆၈၅ ဇ - ၇၂၇၈၄၃

ဆ - ၅၆၇၇၉၄ ခ - ၇၃၀၆၃၁

င - ၅၉၆၄၆၂ ဂ - ၈၀၉၈၅၁

င - ၆၄၁၀၂၁ ဇ - ၉၀၆၉၁၀

ဆ - ၆၆၅၁၀၄ ခ - ၉၄၀၈၁၇

ကံထူးရှင်(၁၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

စ - ၁၃၅၆၅

ဈ - ၃၀၉၆၆

ခ - ၆၈၄၅၀

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဃ - ၁၃၁၀

ဇ - ၁၅၅၃

ဈ - ၉၀၁၂

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၂၃)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၈)ယူနစ်

ဈ - ၂၀၇ ခ - ၅၁၃ င - ၇၈၄

ဇ - ၃၆၉ က - ၆၂၆ င - ၇၈၅

ဆ - ၄၃၅ ဃ - ၆၈၈

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၅၉၇၇)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်

ဃ - ၂၅ ဇ - ၂၈ ခ - ၆၉

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၅၇၅)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ဈ - ၈

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၄၉၇၅)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဃ - ၁၈၆၅၂၇ ဈ - ၅၈၀၁၅၇ ခ - ၆၉၇၂၂၁ င - ၇၆၆၁၈၂ ဆ - ၉၅၅၀၉၉

ဇ - ၂၃၆၃၄၂ က - ၆၅၃၇၇၅ ဃ - ၇၄၉၈၂၇ ဆ - ၈၈၇၄၉၅ င - ၉၈၆၂၂၆

ကံထူးရှင်(၁၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၄)ယူနစ်

ဈ - ၁၅၃၇၂ ဂ - ၆၁၆၉၆ ဂ - ၆၁၈၈၂ ဈ - ၈၅၅၁၂

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၄၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁)ယူနစ်

ဇ - ၆၆၄၁

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

ဂ - ၂၉၅ က - ၆၅၈

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၆၀၄)ဦး

၁။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၅၈)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ(၁၀၅၆၀၀)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်(၁၀၅၆၀၀)ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၅၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉)လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်အုပ်ရေ ( ၅၅၂၇၆ )အုပ်ဖြစ်ပါသည်။

၄။ (၅၈)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၁-၂၀၂၄)ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို (၁၅-၁-၂၀၂၄) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း၊ မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း၊ မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းကိုင်မြို့၊ အလက(ခွဲ) နောင်ပွှယ်မှ ဒုလယ်ပြ ဆရာမ ဒေါ်နန်းဗိုလ်ပွှမ်(ခ) နန်းဗိုပွှမ် ၁၃/ပလတ(နိုင်) ဝ၁၉၂၂၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးဆန်းဝင်း၏သမီး ကလော မြို့နယ်၊ ဟဲဟိုးမြို့၊ အမက(၄) Grade-4 မှ မချစ်သိမ့်နှင်း သဇင်၏ အမည်မှန်မှာ မချစ် သက်နှင်းသဇင် ဖြစ်ပါကြောင်း။

**မချစ်သက်နှင်းသဇင်**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အင်းစိန်ဈေးကြီး၊ လှိုင်မြစ်လမ်းနှင့် ပဒေသာလမ်းထောင့်ရှိ ဈေးရုံ(ဘီ)၊ ဆိုင်ခန်း အမှတ်(၁)၊ မြေညီထပ်ရှိ အကျယ်အဝန်း (၉x၁၂)ပေရှိ ဒေါ်စကားဝါ ထွန်း ၁၂/အစန(နိုင်)၂၅၇၀၁၂ အမည်ပေါက်ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ ဒေါ်ထက်ထက်ဝေ ၁၂/အစန(နိုင်) ၂၃၆၃၈၆သည် (၇-၁၀-၂၀၂၃)ရက်ကတည်းက ငွေအကြေပေးချေပြီးဝယ်ယူခဲ့ရာ၊ ဆိုင်ခန်းအား လက်ရောက်ရရှိပြီးဖြစ်ပါသဖြင့် အဆိုပါဆိုင်ခန်းသည် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ထက်ထက်ဝေ တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထက်ထက်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းဟန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၈၆/၂၀၁၇)**
**စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၁၀၃၄၅၄**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ စက်မှုဇုန် အထက Grade-6 မှ မပိုးသခင်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၉/အမဇ(နိုင်)၀၆၃၀၁၇ ဖြစ်ပါကြောင်း။

**ဦးမောင်နိုင်**

## အမည်ပြောင်း

တောင်ကြီးမြို့၊ ရွှေမော်ကွန်း ကိုယ်ပိုင်အလယ်တန်းကျောင်း Grade- 2 မှ စိုင်းလှိုင်ကိုင် မိုင်းအား ယနေ့မှစ၍ စိုင်းမိုင်း ခမ်းခွမ်ဟု ပြောင်းလဲခေါ်ပါ ရန်။

**စိုင်းမိုင်းခမ်းခွမ်**

## မွေးသက္ကရာဇ်အမှန်

ဦးဟိန်းမင်းထိုက်၏ သမီး တောင်ကြီးမြို့၊ အထက(၄) Grade-4(B)မှ မအောင်ဗိုလ် ဗိုလ်ချစ်၏ မွေးသက္ကရာဇ်အမှန် မှာ ၁၀-၇-၂၀၁၃ ဖြစ်ပါ ကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်ကြည် ရွှေ ၇/ဝမန(နိုင်)၁၃၄၀၂၃၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၆၅၀၀၀၂၅**

## အမည်မှန်

